ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

လုပ်ငန်းညှိနှိုင်းရေးဌာန

<u>ဝင်စာတင်ပြလွှာ</u>

အကြောင်းအရာ။ ဟိုက်ဆင်း ကုမ္ပဏီ လီမိတက်

ဥဿာစလေးပင် - ဧမည်ဝတီ လမ်း အပိုင်

ရက်စွဲ	ဆောင်ရွက်ရန်	မှတ်ချက်
၁၄ ၂/၀၉	အိုင်ဒီ သစ်ဖြင့် တွက်ချက် တင်ပြပါသည်။	
၁၄ ၈/၀၉	၂၄/၂၀၀၉ MIC တင်ပါသည်။	
၂၁ ၈/၀၉	၂၉/၂၀၀၉ MIC သို့ ဖြတ်ချက် အတွက်တင်သည်။	
၃၁ ၈/၀၉	ဆောက်လုပ်ရေးမှ TC တင်ရန် အမှာစာများ လာပို့ပါသည်။	
၁၈ ၉/၀၉	TC သို့ အမှာစာများ လာပို့ပါသည်။	
၂၃ ၉/၀၉	၃၂/၂၀၀၉ TC တင်ပါသည်။	
၂ ၁၀/၀၉	TC သို့ ဖြတ်ချက်အား ဆောက်လုပ်ရေးသို့ အကြောင်းကြားပါသည်။	
၆ ၁၀/၀၉	ဆောက်လုပ်ရေးမှ Cab တင်ရန် အဆုပ်များ လာပို့သည်။	
၂၁ ၁၀/၀၉	၄၀/၂၀၀၉ Cab တင်ပြသည်။	
၂ ၁၁/၀၉	ပါမစ်ချော ထွက်သည်။	
	မနူသ - ၄၀၈/၂၀၀၉	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

စာအမှတ်၊ ၁/ခွဲ-၂/ထွေ/၂၀၀၉(ကုမ္ပဏီ)(စီ ၇၀၇၄)
ရက်   စွဲ၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ညောင်လေးပင် - ဇေယျာဝတီ လမ်းအပိုင်း၏ အဆိုပြုလွှာအား အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြပေးနိုင်ပါရန် တင်ပြခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၉ခုနှစ် အောက်တိုဘာလ (၂)ရက်နေ့စွဲပါ စာအမှတ်၊ ရက - ၁ / မ - ၇၀၆ / ၂၀၀၉ (၁၅၆၂၈)

၁။ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးတွင်ဟိုက်စတားကုမ္ပဏီလီမိတက်မှဆောင်ရွက်နေသော ညောင် လေးပင် - ဇေယျာဝတီ လမ်းပိုင်း၏ အဆိုပြုလွှာနှင့် ငွေကြေးလည်ပတ်မှု အခြေအနေအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတဆင့် ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ်(၃၂/၂၀၀၉)သို့တင်ပြခဲ့ရာ အဆိုပါအစည်းအဝေးမှ အဆိုပြုလွှာနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်နှင့် ပြင်ဆင်ပြုစုရန် အချက်များအား ပြင်ဆင်ပြုစုပြီး အစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြလမ်းညွှန်မှုခံယူရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည် ။

၂။ သို့ဖြစ်ပါ၍ အဆိုပါလမ်းပိုင်း ၏ အဆိုပြုလွှာအား အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လမ်းညွှန်ချက်နှင့် အညီပြုစုထားသော အဆိုပြုလွှာ (၁၂) စုံနှင့် Adobe Acrobat Reader (Pdf) File ဖြင့် ထည့်သွင်းထားသော CD Copy (၁)ချပ်တို့အား ပူးတွဲပေးပို့ တင်ပြအစီရင်ခံ အပ်ပါသည် ။

ဝန်ကြီး(ကိုယ်စား)
ကျော်ဝင်း ၊ ရုံးအဖွဲ့မှူး

D/DM P.g 334 (L)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက- ၆(၁)/မ- လမ်း/ ၂၀၀၉(၁၈၈၃၈)၊

ရက်စွဲ၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ။ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအပိုင်းများအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ကို ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် အညီ ဆောင်ရွက်ရန် အတွက် အဆိုပြုချက်များ တင်ပြခြင်းကိစ္စ။

၁။ ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ အောက်ပါ လမ်းအပိုင်း စုစုပေါင်း(၈)ပိုင်းအား ကုမ္ပဏီ (၇)ခုမှ BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ကော်မရှင် ခွင့်ပြုမိန့် ရရှိရေး အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်များ တင်ပြခဲ့ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လမ်းအရှည် မိုင် *	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	ဆောင်ရွက်သည့် ကုမ္ပဏီ
၁။	ထောက်ကြံ့ - ပဲခူး	၃၂ မိုင်၊ ၆ ဖာလုံ	ကျပ် ၁၁၃၁၈.၅၁ သန်း (US$ ၆.၂၅ သန်း အပါအဝင်)	မက်စ် (မြန်မာ) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၂။	ပဲခူး - ညောင်လေးပင်	၄၈ မိုင်	ကျပ် ၁၃၅၀၂.၃၁ သန်း	ရွှေသံလွင်အဝေးပြေး လမ်းမကြီး ကုမ္ပဏီ လီမိတက်
၃။	ညောင်လေးပင်-ဇေယျဝတီ	၄၈ မိုင်	ကျပ် ၁၁၄၀၂.၇၀ သန်း (US$ ၁၄.၂၉ သန်း အပါအဝင်)	ဟိုက်စတား ကုမ္ပဏီ လီမိတက်
၄။	ဇေယျဝတီ - ရေတာရှည်	၄၈ မိုင်	ကျပ် ၂၇၁၀၇.၆၂ သန်း (US$ ၉.၁၁ သန်း အပါအဝင်)	ကမ္ဘောဇလမ်းကြောင်း ရှာဖွေရေး စက်မှု လုပ်ငန်းများလီမိတက်

Yan – Man Cab

စဉ်	လုပ်ငန်းတည်နေရာ	လမ်းအရှည် မိုင် *	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	ဆောင်ရွက်သည့် ကုမ္ပဏီ
၅။	ရေတာရှည် - ပျဉ်းမနား	၃၉ မိုင်၊ ၅.၅ ဖာလုံ	ကျပ် ၂၀၆၉၇.၃၀ သန်း (US$ ၀.၄၃ သန်း အပါအဝင်)	အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်
၆။	ပျဉ်းမနား - ရမည်းသင်း	၄၅ မိုင်၊ ၄.၅ ဖာလုံ	ကျပ် ၂၂၁၀၉.၃၀ သန်း (US$ ၀.၄၃ သန်း အပါအဝင်)	အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်
၇။	ရမည်းသင်း - မိတ္ထီလာ	၄၈ မိုင်	ကျပ် ၂၁၆၀၀.၀၀ သန်း	ယုဇန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၈။	မိတ္ထီလာ - မန္တလေး	၈၇ မိုင်၊ ၇ ဖာလုံ	ကျပ် ၅၅၇၇၅.၀၀ သန်း	သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

* ရန်ကုန် - မန္တလေးလမ်းအရှည်မှာ ၃၉၇ မိုင် ၂ ဖာလုံ ရှိပါသည်။

၂။ အထက်ပါ အဆိုပြုချက်များအနက် အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သော ရေတာရှည်- ပျဉ်းမနား နှင့် ပျဉ်းမနား- ရမည်းသင်း လမ်းအပိုင်း (၂)ခု အား (၂၉-၇-၂၀၀၉) နေ့ တွင် ကျင်းပသော ကုန်သွယ် မှုမူဝါဒကောင်စီ ၏ (၂၄/၂၀၀၉) အစည်းအဝေး၌ တင်ပြခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် - နောက်ဆက်တွဲ (က) နှင့် (ခ)

(က) အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်မှ ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး ၏ (ရေတာရှည် - ပျဉ်းမနား) နှင့် (ပျဉ်းမနား - ရမည်းသင်း) လမ်းအပိုင်း တို့အား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခများ ကောက်ခံရန်၊

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခနှုန်း တစ်မိုင်နှုန်း (ကျပ်)
၁။	(၁)တန်အောက်ယာဉ်ငယ်များ	၄ ကျပ် ၁၃ ပြား
၂။	(၁)တန်မှ(၃)တန်အထိယာဉ်များ	၁၂ ကျပ် ၃၉ ပြား
၃။	(၅) တန်အောက်ကားကြီးများ	၂၀ ကျပ် ၆၅ ပြား
၄။	(၁၀)တန်အောက်ကုန်တင်ယာဉ်ကြီး များ	၄၁ ကျပ် ၃၀ ပြား
၅။	(၂၀)တန်ထိကုန်တင်ယာဉ်ကြီး များ	၈၂ ကျပ် ၅၉ ပြား
၆။	(၂၀)တန်အထက်တန်ပို(၁)တန် လျှင်	၈ ကျပ် ၂၆ ပြား

(ခ) လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို ယင်းတံတား တည်ဆောက်သည့်ကုမ္ပဏီကသာ ကောက်ခံရန်နှင့် တံတားတည်ဆောက်သည့်ကုမ္ပဏီ မဟုတ်ပါက လေလံဖြင့်သာ ဆောင်ရွက်ရန်၊

(ဂ) "အေးရှားဝါး(လ်)ကုမ္ပဏီလီမိတက်သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်လုပ်ကိုင်ခွင့်မပြုရဘဲ လုပ်ငန်း တစ်စိတ် တစ်ဒေသကိုမူ တစ်ဆင့် လုပ်ကိုင်ခွင့် ပြုနိုင်သည်" ကို ထည့်သွင်းဖော်ပြခြင်းမပြုရန်၊

၃။ ထို့အပြင် ကျန်လမ်းအပိုင်း(၆)ခုအား (၂၃-၉-၂၀၀၉)နေ့တွင် ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၃၂/ ၂၀၀၉) အစည်းအဝေး၌ တင်ပြခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

နောက်ဆက်တွဲ (ဂ)

(က) ရန်ကုန်-မန္တလေးပြည်ထောင်စု လမ်းမကြီး၏ အောက်ပါ လမ်းအပိုင်း(၆)ပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခကောက်ခံခြင်း လုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန်။

(၁) ထောက်ကြံ့ - ပဲခူးလမ်းအပိုင်း (၃၂ မိုင် ၆ ဖာလုံ)
(မက်စ်(မြန်မာ) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(၂) ပဲခူး - ညောင်လေးပင် လမ်းအပိုင်း (၄၈ မိုင်)
(ရွှေသံလွင်အဝေးပြေးလမ်းမကြီး ကုမ္ပဏီ လီမိတက်)

(၃) ညောင်လေးပင် - ဇေယျာဝတီ လမ်းအပိုင်း (၄၈ မိုင်)
(ဟိုက်စတား ကုမ္ပဏီလီမိတက်)

(၄) ဇေယျာဝတီ - ရေတာရှည် လမ်းအပိုင်း (၄၈ မိုင်)
(ကမ္ဘောဇလမ်းကြောင်းရှာဖွေရေးစက်မှု လုပ်ငန်းများ လီမိတက်)

(၅) ရမည်းသင်း - မိတ္ထီလာ လမ်းအပိုင်း (၄၈ မိုင်)
(ယုဇန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)

(၆) မိတ္ထီလာ - မန္တလေးလမ်းအပိုင်း (၈၇ မိုင် ၇ ဖာလုံ)
(သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(ခ) နောင်နှစ် တံတားများ လေ လံပစ်သည့်အခါတွင် အသုံးပြုနိုင်ရန်အတွက် လမ်း၊ တံတား အသုံးပြုသည့် ကားစီးရေကို သေချာစွာ ကောက်ခိုင်းရန်။

(ဂ) ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားများ၏ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာ ကုမ္ပဏီများအား တာဝန်ယူဆောင်ရွက်စေရန်။

၄။ ယခုတင်ပြသည့် အဆိုပြုလမ်းအပိုင်း (၈)ပိုင်းတွင် ကုန်သွယ်မှု မူဝါဒကောင်စီ ၏ (၂၄/၂၀၀၉)(၂၉-၇-၂၀၀၉) အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ တံတားခကောက်ခံသည့်ကိစ္စနှင့် လုပ်ငန်းတစ်ဆင့်ခံ လုပ်ကိုင်ခြင်း ကိစ္စများကို ပဋိညာဉ်စာချုပ် (မူကြမ်း) များတွင် ပြင်ဆင်တင်ပြထားပါသည်။ ရန်ကုန် - မန္တလေး လမ်းအပိုင်းရှိ (၁၈၀) ပေ အထက် တံတားများတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တည်ဆောက်ထားသည့် တံတားများကို ကုမ္ပဏီများသို့ လေလံစနစ်ဖြင့် ဆောင်ရွက်စေပြီး၊ ကုမ္ပဏီမှ တည်ဆောက်သည့် တံတားများအတွက် တံတား အသုံးပြုခများကို ကုမ္ပဏီမှ ကောက်ခံခြင်း စနစ်ဖြင့် ဆောင်ရွက်ပါသည်။ လမ်းအပိုင်းအလိုက် (၁၈၀)ပေ အထက် တံတား အသုံးပြုခ ကောက်ခံမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (ဃ) ဖြင့် တင်ပြအပ်ပါသည်။

(၁၈၀) ပေ အထက် တံတားကြီးများ အသုံးပြုခ ကောက်ခံမှု

စဉ်	ကုမ္ပဏီအမည်	လမ်းအပိုင်း	ဌာနမှ တည်ဆောက်သည့် တံတား (လေလံစနစ်ဖြင့် ဆောင်ရွက်ခြင်း)	ကုမ္ပဏီမှတည်ဆောက်သည့် တံတား (ကုမ္ပဏီမှ ကောက်ခံခြင်း)
၁။	မက်(စ်)မြန်မာ	ထောက်ကြံ့ - ပဲခူး	၁	-
၂။	ရွှေသံလွင်	ပဲခူး - ညောင်လေးပင်	၆	-
၃။	ဟိုက်စတား	ညောင်လေးပင်-ဇေယျာဝတီ	၂	-
၄။	ကမ္ဘောဇ	ဇေယျာဝတီ - ရေတာရှည်	၁	-
၅။	အေးရှားဝါး(လ်)	ရေတာရှည် - ပျဉ်းမနား	၁	၁
၆။	အေးရှားဝါး(လ်)	ပျဉ်းမနား - ရမည်းသင်း	-	၃
၇။	ယုဇန	ရမည်းသင်း - မိတ္ထီလာ	၂	-
၈။	သော်တာဝင်း	မိတ္ထီလာ - မန္တလေး	၅	၃

၅။ ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၃၂/၂၀၀၉)(၂၃-၉-၂၀၀၉) အစည်းအဝေး လမ်းညွှန်ချက်အရ လမ်း/ တံတား အသုံးပြုသည့် ကားစီးရေစာရင်း ကောက်ယူခြင်းနှင့် တံတားများ၏ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အသိပေး အကြောင်းကြားပြီး ဖြစ်ပါသည်။

၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် ကုမ္ပဏီတို့ ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ် (မူကြမ်း) များပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လမ်း ဖောက်လုပ်သည့် လုပ်ငန်းကာလ (တည်ဆောက်ရေး ကာလ) မှာ (၃) နှစ် ဖြစ်ပါသည်။

(ခ) လုပ်ငန်း သက်တမ်း ကာလမှာ နှစ်(၄၀) ဖြစ်ပြီး လမ်း ဖောက်လုပ်သည့် လုပ်ငန်း ကာလ (၃)နှစ် အထိ ဆောင်ရွက် ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်း အပြီးသတ် ဆောင်ရွက် ပြီးစီးမှု လက်မှတ် ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ် အနက် စောရာ နေ့ ရက် ကာလ မှ စတင် သတ်မှတ်မည် ဖြစ်ပါသည်။

(ဂ) အဆိုပြု ကုမ္ပဏီ များမှ လမ်းအသုံးပြုခ နှုန်းများကို ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၂၄/ ၂၀၀၉) အစည်းအဝေးလမ်းညွှန်ချက် အတိုင်း ကောက်ခံမည် ဖြစ်ပါသည်။

(ဃ) တံတား အသုံးပြုခများကို ပေ (၁၈၀) နှင့် အထက် ရှည်သည့် တံတားများ အတွက် နိုင်ငံတော် မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ်ဖြင့် လည်းကောင်း၊ ကုမ္ပဏီ၏ ရန်ပုံငွေ ဖြင့် တည်ဆောက်သော တံတားများ အတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း နှင့် ကုမ္ပဏီတို့ ညှိနှိုင်း သဘောတူညီသည့် နှုန်းထား ဖြင့် ကောက်ခံရမည် ဖြစ်ပါသည်။

(င) လမ်း၊ တံတား အသုံးပြုခရငွေအပေါ် ခွင့်ပြုကာလ အပိုင်းအခြား အလိုက် အောက်ပါ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများ အတိုင်း နိုင်ငံတော်သို့ ပေးသွင်းရ မည် ဖြစ်ပါသည်။

(၁) ပထမ (၃)နှစ် အတွက် - ကင်းလွတ်ခွင့်ကာလ

(၂) (၄) နှစ်မြောက်မှ (၁၃)နှစ်မြောက်အထိ (၁၀)နှစ် - ၅% ပေးသွင်းရန်

(၃) (၁၄) နှစ်မြောက်မှ (၂၃)နှစ်မြောက်အထိ(၁၀)နှစ် - ၁၀% ပေးသွင်းရန်

(၄) (၂၄) နှစ်မြောက်မှ (၃၃)နှစ်မြောက်အထိ (၁၀)နှစ် - ၁၅% ပေးသွင်းရန်

(၅) (၃၄) နှစ်မြောက်မှ (၄၀)နှစ်မြောက်အထိ (၇)နှစ် - ၂၀% ပေးသွင်းရန်

(စ) အဆိုပြုကုမ္ပဏီများသည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့် မပြုရပါ။

(ဆ) လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလနှစ်(၄၀)သို့မဟုတ်နောက်ထပ်တိုးမြှင့် ကာလများ ပြီးဆုံးပါက အဆိုပါလမ်း နှင့် တံတားများ၊ ဂိတ်များ နှင့် အဆောက်အဦ များကို ဆောက်လုပ် ပြီးစီးချိန်ကရှိနေသော ကောင်းမွန်သည့် အနေအထား အတိုင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာ မရှိဘဲ လွှဲပြောင်းပေး ရမည် ဖြစ်ပါသည်။

၇။ ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၂၄/၂၀၀၉)နှင့်(၃၂/၂၀၀၉)အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆိုပြုချက်များ ပြင်ဆင်တင်ပြလာပြီး ဖြစ်ပါ၍ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခြင်း ဖြစ်ပါသည်။ ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအပိုင်း (၈)ပိုင်းအား ကုမ္ပဏီ (၇)ခု တို့မှ BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာ အသေးစိတ် အချက်အလက်များကို <u>နောက်ဆက်တွဲ (င) မှ (ဌ) အထိ</u> လည်းကောင်း၊ လုပ်ငန်းအဆိုပြုချက်များကို <u>နောက်ဆက်တွဲ (ဍ) မှ (န) အထိ</u> လည်းကောင်း ပူးတွဲ တင်ပြအပ်ပါသည်။

၈။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့နှင့်အညီ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရပါမည်။

<u>ဆုံးဖြတ်ရန်အချက်</u>

၉။ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ အောက်ပါလမ်းအပိုင်း (၈)ပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုရန် သဘောတူ - မတူ။

(က)	ထောက်ကြံ့ - ပဲခူး လမ်းအပိုင်း	(၃၂ မိုင်၊ ၆ ဖာလုံ)	မက်စ် (မြန်မာ)ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
(ခ)	ပဲခူး-ညောင်လေးပင် လမ်းအပိုင်း	(၄၈ မိုင်)	ရွှေသံလွင်အဝေးပြေးလမ်းမကြီး ကုမ္ပဏီ လီမိတက်
(ဂ)	ညောင်လေးပင်-ဇေယျဝတီ လမ်းအပိုင်း	(၄၈ မိုင်)	ဟိုက်စတား ကုမ္ပဏီ လီမိတက်
(ဃ)	ဇေယျဝတီ - ရေတာရှည် လမ်းအပိုင်း	(၄၈ မိုင်)	ကမ္ဘောဇလမ်းကြောင်း ရှာဖွေရေးစက်မှု လုပ်ငန်းများလီမိတက်
(င)	ရေတာရှည် - ပျဉ်းမနား လမ်းအပိုင်း	(၃၉ မိုင်၊ ၅.၅ ဖာလုံ)	အေးရှားဝါး(လ်)ကုမ္ပဏီ လီမိတက်

(စ)	ပျဉ်းမနား - ရမည်းသင်း လမ်းအပိုင်း	(၄၅ မိုင်၊ ၄.၅ ဖာလုံ)	အေးရှားဝါး(လ်)ကုမ္ပဏီ လီမိတက်
(ဆ)	ရမည်းသင်း - မိတ္ထီလာ လမ်းအပိုင်း	(၄၈ မိုင်)	ယုဇန ဆောက်လုပ် ရေး ကုမ္ပဏီ လီမိတက်
(ဇ)	မိတ္ထီလာ - မန္တလေး လမ်းအပိုင်း	(၈၇ မိုင်၊ ၇ ဖာလုံ)	သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

<u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်</u>

၁၀။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဗိုလ်မှူးချုပ်မောင်မောင်သိမ်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊
ဝန်ကြီး ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊

<u>ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

နောက်ဆက်တွဲ (က)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကုန်သွယ်မှုမူဝါဒကောင်စီ

၂၀၀၉ခုနှစ်၊ ဇူလိုင်လ(၂၉)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒ ကောင်စီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၀၉) မှတ်တမ်းကောက်နှုတ်ချက်။

အစည်းအဝေးအစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၄-ခ	၇၀၄	(က) အေးရှားဝါး(လ်)ကုမ္ပဏီလီမိတက်မှ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ (ရေတာရှည်-ပျဉ်းမနား) လမ်းအပိုင်း(မိုင်တိုင် ၁၉၄/၀ မှ မိုင်တိုင်၂၂၁/၂ အထိ) (၂၇ မိုင် ၂ ဖာလုံ) နှင့် မြို့ရှောင်လမ်း (၁၂ မိုင် ၃.၅ ဖာလုံ) စုစုပေါင်း (၃၉) မိုင် (၅.၅)ဖာလုံ ရှည်သောလမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံရန်။ စဉ် / ယာဉ်အမျိုးအစား / လမ်းအသုံးပြုခနှုန်း တစ်မိုင်နှုန်း/ကျပ် (က) (၁)တန်အောက်ယာဉ်ငယ်များ — ၄ကျပ် ၁၃ပြား (ခ) (၁)တန်မှ(၃)တန်အထိယာဉ်များ — ၁၂ကျပ် ၃၉ပြား (ဂ) (၅)တန်အောက်ကားကြီးများ — ၂၀ကျပ် ၆၅ပြား (ဃ) (၁၀)တန်အောက်ကုန်တင်ယာဉ်ကြီးများ — ၄၁ကျပ် ၃၀ပြား (င) (၂၀)တန်ထိကုန်တင်ယာဉ်ကြီးများ — ၈၂ကျပ် ၅၉ပြား (စ) (၂၀)တန်အထက်တန်ပို(၁)တန်လျှင် — ၈ကျပ် ၂၆ပြား (ခ) လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းကို ယင်းတံတားတည်ဆောက်သည့် ကုမ္ပဏီကသာ ကောက်ခံရန်နှင့် တံတားတည်ဆောက်သည့်ကုမ္ပဏီ မဟုတ်ပါက လေလံဖြင့်သာ ဆောင်ရွက်ရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်။ ဆောက်လုပ်ရေးဝန်ကြီးဌာန။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ စာအမှတ် ရက်စွဲ ၄-၈-၂၀၀၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကုန်သွယ်မှုမူဝါဒကောင်စီ

၂၀၀၉ခုနှစ်၊ ဇူလိုင်လ(၂၉)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၀၉) မှတ်တမ်းကောက်နှုတ်ချက်။

အစည်းအဝေး အစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၄-ခ	၇၀၄	(ဂ) စာမျက်နှာ(၃) အပိုဒ်(ဆ) " အေးရှားဝါး(လ်)ကုမ္ပဏီ လီမိတက်သည် လုပ်ငန်းတစ်ခု လုံးအား တစ်ဆင့်လုပ်ကိုင်ခွင့် မပြုရဘဲ လုပ်ငန်းတစ်စိတ်တစ်ဒေသကိုမူ တစ်ဆင့် လုပ်ကိုင်ခွင့်ပြုနိုင်သည် " ကို ထည့်သွင်းဖော်ပြခြင်းမပြုရန်။ (ဃ) လမ်း၊ တံတားများမှာ standard နှင့်အညီ ဖောက်လုပ်ထားပါက ရန်ကုန် - မန္တလေး အမြန်လမ်းမနှုန်းအတိုင်း ကောက်ခံရန်နှင့် ပြုပြင်ထားရုံမျှသာ ပြုလုပ်ထားပါက လမ်း၊ တံတား အသုံးပြုခ ကောက်ခံခွင့် မပြုရန်။	

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာအမှတ်
ရက်စွဲ ၄-၈-၂၀၀၉
ကုန်သွယ်မှုမူဝါဒကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ကုန်သွယ်မှုမူဝါဒကောင်စီ

နောက်ဆက်တွဲ (ခ)

၂၀၀၉ခုနှစ်၊ ဇူလိုင်လ(၂၉)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒ ကောင်စီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၀၉) မှတ်တမ်းကောက်နုတ်ချက်။

အစည်းအဝေးအစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၄-၈	၇၀၅	(က) အေးရှားဝါး(လ်)ကုမ္ပဏီလီမိတက်မှ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏(ပျဉ်းမနား - ရမည်းသင်း) လမ်းအပိုင်း(မိုင်တိုင် ၂၄၈/၀ မှ မိုင်တိုင်၂၉၀/၀ အထိ) (၄၂ မိုင်) နှင့် ပျဉ်းမနားမြို့ရှောင်လမ်း (၃ မိုင် ၄.၅ဖာလုံ) စုစုပေါင်း (၄၅)မိုင် (၄.၅)ဖာလုံ ရှည်သောလမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊တံတား အသုံးပြုခကောက်ခံရန်။ စဉ် ယာဉ်အမျိုးအစား လမ်းအသုံးပြုခနှုန်း တစ်မိုင်နှုန်း/ကျပ် (က) (၁)တန်အောက်ယာဉ်ငယ်များ ၄ကျပ် ၁၃ပြား (ခ) (၁)တန်မှ(၃)တန်အထိယာဉ်များ ၁၂ကျပ် ၃၉ပြား (ဂ) (၅)တန်အောက်ကားကြီးများ ၂၀ကျပ် ၆၅ပြား (ဃ) (၁၀)တန်အောက်ကုန်တင်ယာဉ်ကြီးများ ၄၁ကျပ် ၃၀ပြား (င) (၂၀)တန်ထိကုန်တင်ယာဉ်ကြီးများ ၈၂ကျပ် ၅၉ပြား (စ) (၂၀)တန်အထက်တန်ပို(၁)တန်လျှင် ၈ကျပ် ၂၆ပြား (ခ) လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းကို ယင်းတံတားတည်ဆောက်သည့် ကုမ္ပဏီကသာ ကောက်ခံရန်နှင့် တံတားတည်ဆောက်သည့်ကုမ္ပဏီ မဟုတ်ပါက လေလံဖြင့်သာ ဆောင်ရွက်ရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်။ ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ
စာအမှတ်
ရက်စွဲ ၄-၈-၂၀၀၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကုန်သွယ်မှုမူဝါဒကောင်စီ

၂၀၀၉ခုနှစ်၊ ဇူလိုင်လ(၂၉)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒ ကောင်စီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၀၉) မှတ်တမ်းကောက်နုတ်ချက်။

အစည်းအဝေးအစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၄-က	၇၀၅	(ဂ) စာမျက်နှာ(၃) အပိုဒ်(ဆ) " အေးရှားဝါး(လ်)ကုမ္ပဏီ လီမိတက်သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်လုပ်ကိုင်ခွင့် မပြုရဘဲ လုပ်ငန်းတစ်စိတ်တစ်ဒေသကိုမူ တစ်ဆင့် လုပ်ကိုင်ခွင့်ပြုနိုင်သည် " ကို ထည့်သွင်းဖော်ပြခြင်းမပြုရန်။ (ဃ) လမ်း၊ တံတားများမှာ standard နှင့်အညီ ဖောက်လုပ်ထားပါက ရန်ကုန်-မန္တလေး အမြန်လမ်းမနှုန်းအတိုင်း ကောက်ခံရန်နှင့် ပြုပြင်ထားရုံမျှသာ ပြုလုပ်ထားပါက လမ်း၊ တံတားအသုံးပြုခ ကောက်ခံခွင့် မပြုရန်။	

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာအမှတ်
ရက်စွဲ ၄-၈-၂၀၀၉
ကုန်သွယ်မှုမူဝါဒကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကုန်သွယ်မှုမူဝါဒကောင်စီ

နောက်ဆက်တွဲ (ဂ)

၂၀၀၉ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၀၉) မှတ်တမ်းကောက်နုတ်ချက်။

အစည်းအဝေးအစီအစဉ်	စဉ်	ဆုံးဖြတ်ချက်	ဆောင်ရွက်ရန်
၁၂-က	၇၆၆	(က) ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးမှ အောက်ပါ လမ်းအပိုင်း (၆)ပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန်။ (၁) ထောက်ကြံ့-ပဲခူးလမ်းအပိုင်း (၃၂ မိုင် ၆ ဖာလုံ) (မက်စ်(မြန်မာ) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) (၂) ပဲခူး - ညောင်လေးပင် လမ်းအပိုင်း (၄၈ မိုင်) (ရွှေသံလွင်အဝေးပြေးလမ်းမကြီးကုမ္ပဏီလီမိတက်) (၃) ညောင်လေးပင်-ဇေယျာဝတီ လမ်းအပိုင်း (၄၈ မိုင်) (ဟိုက်စတား ကုမ္ပဏီလီမိတက်) (၄) ဇေယျာဝတီ-ရေတာရှည် လမ်းအပိုင်း (၄၈ မိုင်) (ကမ္ဘောဇလမ်းကြောင်းရှာဖွေရေးစက်မှုလုပ်ငန်းများလီမိတက်) (၅) ရမည်းသင်း-မိတ္ထီလာ လမ်းအပိုင်း (၄၈ မိုင်) (ယုဇန ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) (၆) မိတ္ထီလာ-မန္တလေးလမ်းအပိုင်း (၈၇ မိုင် ၇ ဖာလုံ) (သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) (ခ) နောင်နှစ် တံတားများလေလံပစ်သည့်အခါတွင် အသုံးပြုနိုင်ရန်အတွက် လမ်း၊ တံတား အသုံးပြုသည့် ကားစီးရေကို သေချာစွာ ကောက်ခိုင်းရန်။ (ဂ) ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားများ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာကုမ္ပဏီများအား တာဝန်ယူဆောင် ရွက်စေရန်။	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

နောက်ဆက်တွဲ (ဃ)

ရန်ကုန် - မန္တလေး လမ်းပေါ်ရှိ (၁၈၀) ပေ အထက် တံတားကြီးများ အသုံးပြုခ ကောက်ခံမှု

စဉ်	လမ်းအပိုင်း (ကုမ္ပဏီအမည်)	ဌာနမှ တည်ဆောက် သည့် တံတား (လေလံစနစ်ဖြင့် ဆောင်ရွက်ခြင်း)	ကုမ္ပဏီမှတည်ဆောက် သည့် တံတား (ကုမ္ပဏီမှကောက်ခံခြင်း)	မှတ်ချက်
၁။	ထောက်ကြံ့ - ပဲခူး (မက်စ် မြန်မာ)	ပဲခူးတံတား ၃၃၀'	-	သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်၊
၂။	ပဲခူး - ညောင်လေးပင် (ရွှေသံလွင်)	ကောလိယတံတား ၁၉၆' ကတုတ်တံတား ၁၉၆'	-	နှစ်စင်းပေါင်းတစ်စင်းစာ သာ သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်၊
		ရဲနွယ်တံတား ၃၆၀' ဘိုင်းဒါးတံတား ၃၀၀'	-	နှစ်စင်းပေါင်းတစ်စင်းစာ သာ သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်၊
		ဒရယ်မီးတံတား ၁၈၀' ခြောက်တန်တံတား ၂၁၀'	-	ကင်းလွတ်ခွင့်ပြုရန်၊
၃။	ညောင်လေးပင် - ဇေယျဝတီ (ဟိုက်စတား)	ကွင်းချောင်းတံတား ၃၀၀' ဖြူးချောင်းတံတား ၄၆၈'		သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်၊
၄။	ဇေယျဝတီ - ရေတာရှည် (ကမ္ဘောဇ)	ခပေါင်းတံတား ၆၀၀'		စီမံကိန်းဝင်တံတားဖြစ်၍ စီမံကိန်းနှုန်းဖြင့်ကောက်ခံရန်။
၅။	ရေတာရှည် - ပျဉ်းမနား (အေးရှားဝါးလ်)	ဆွာတံတား ၂၇၀'	ရုံးပင်တံတား ၂၇၀'	သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်၊
၆။	ပျဉ်းမနား - ရမည်းသင်း (အေးရှားဝါးလ်)	-	ငလိုက်တံတား ၃၀၀'	သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်၊
			အဆုံတံတား ၁၉၀' ဆင်သေတံတား ၂၁၀'	တံတားနှစ်စင်းကပ်နေ၍ တစ်စင်းစာသာ သာမန် တံတားနှုန်းဖြင့် ကောက်ခံရန်။

Yan – Man TCmo

စဉ်	လမ်းအပိုင်း (ကုမ္ပဏီအမည်)	ဌာနမှ တည်ဆောက် သည့် တံတား (လေလံစနစ်ဖြင့် ဆောင်ရွက်ခြင်း)	ကုမ္ပဏီမှတည်ဆောက် သည့် တံတား (ကုမ္ပဏီမှကောက်ခံခြင်း)	မှတ်ချက်
၇။	ရမည်းသင်း -မိတ္ထီလာ (ယုဇန)	သူရဲချောင်းတံတား ၃၀၀'		သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်။
		ကုန်းသာတံတား ၃၀၀'		ကင်းလွတ်ခွင့်ပြုရန်။
၈။	မိတ္ထီလာ - မန္တလေး (သော်တာဝင်း)	စမုံတံတား ၄၈၀' မြစ်ငယ်တံတား ၈၄၀'		သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်။
		ဝမ်းတွင်းဆည် တံတား ၂၁၀' ယုဇနတံတား ၂၂၀' ဇော်ဂျီတံတား ၂၁၀'		ကင်းလွတ်ခွင့်ပြုရန်။
			ပင်းချားတံတား ၂၂၄' ဒါန်းချောင်းတံတား ၃၃၀'	သာမန်တံတားနှုန်းဖြင့် ကောက်ခံရန်။
			ရေဝန်းတံတား ၁၈၈'	ကင်းလွတ်ခွင့်ပြုရန်။

နောက်ဆက်တွဲ (င)

မက်စ် (မြန်မာ) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှဆောင်ရွက်သည့်
ထောက်ကြံ့ - ပဲခူးလမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။ ကုမ္ပဏီအမည်	-	မက်စ်(မြန်မာ) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၂။ လုပ်ငန်းအဆိုပြုသူအမည်	-	ဦးဖိုးဇော် (ခ) ဦးဇော်ဇော်
၃။ အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီး ၏ ထောက်ကြံ့ - ပဲခူးလမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်း
၄။ လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	ထောက်ကြံ့ - ပဲခူး (၃၂ မိုင် ၆ ဖာလုံ) ထောက်ကြံ့ - ဇရပ်ကွင်းအပိုင်း (မိုင်တိုင် ၁/ ၀ မှ ၁၄/ ၆ အထိ) (၁၃ မိုင် ၆ ဖာလုံ) ဇရပ်ကွင်း - ပဲခူးအပိုင်း (မိုင်တိုင် ၃၁/၀ မှ ၅၀/၀ ထိ) (၁၉ မိုင်)
၅။ လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	ထောက်ကြံ့ ဂိတ်ဟောင်း (အသွားခရီး) ပဲခူးကောလိပ်အနီး (အပြန်ခရီး) (မိုင်တိုင် ၄၃/ ၃)
၆။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၁၁၃၁၈.၅၁ သန်း (US$ ၆.၂၅ သန်းအပါအဝင်)
- ငွေပမာဏ	-	၁၀၂၂၆.၀၀
- စက်ပစ္စည်းကိရိယာများ	-	၈၇.၅၁ (US$ ၆.၂၅ သန်း)
- အဆောက်အဦ	-	၁၀၀၀.၀၀
- ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း	-	၅.၀၀
	-	US$ (၆.၂၅)သန်း တန်ဖိုးရှိ စက်ယန္တရားနှင့် လုပ်ငန်းသုံး ယာဉ်များပြည်ပမှတင်သွင်းမည်ဖြစ်ရာ Road Finisher, Off Road Tipper and Primemover များကို ကြိုတင် ခွင့်ပြုချက် ရယူ တင်သွင်းထားကြောင်း တင်ပြထားပါသည်။

၇။ တည်ဆောက်ရေးကာလ	-	(၁-၄-၂၀၀၈) နေ့မှစ၍ (၃)နှစ် ဖြစ်ပါသည်။
၈။ လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)
၉။ ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက် နှုတ် တင်ပြထားခြင်း ဖြစ်ပါ သည်။)	-	ကျပ် ၁၃၀၀.၆၇ သန်း
၁၀။ အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၃၇၈.၇၆ သန်း
၁၁။ အရင်းကြေကာလ	-	(၂၆)နှစ် (၄)လ
၁၂။ အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	-	၁ %
၁၃။ နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်	-	
-ဝင်ငွေခွန်	-	ကျပ် ၁၆၂.၃၃ သန်း
-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၆၅.၀၃ သန်း
၁၄။ လုပ်သားအင်အား	-	ပြည်တွင်း ၁၂၁ ဦး ပြည်ပ ၄ ဦး (အချိန်ပိုင်း) ၁၂၅ ဦး

နောက်ဆက်တွဲ (စ)

ရွှေသံလွင်အဝေးပြေးလမ်းမကြီး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် (ပဲခူး - ညောင်လေးပင်) လမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။ ကုမ္ပဏီအမည်	-	ရွှေသံလွင်အဝေးပြေးလမ်းမကြီး ကုမ္ပဏီလီမိတက်
၂။ လုပ်ငန်းအဆိုပြုသူအမည်	-	ဦးဇော်ဝင်းထွန်း
၃။ အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ ပဲခူး - ညောင်လေးပင် လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်း
၄။ လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	ပဲခူး - ညောင်လေးပင် (၄၈ မိုင်) (မိုင်တိုင် ၅၀/ ၀ မှ ၉၈/ ၀ အထိ)
၅။ လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	မိုင်တိုင် (၆၇/ ၁) ရှိ ရွာသစ်ကျေးရွာဂိတ် မိုင်တိုင် (၆၁/ ၇) ရှိ ဘုရားကြီးကျေးရွာဂိတ် (အသွား/ အပြန် ခရီးအတွက်)
၆။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၁၃၅၀၂.၃၁ သန်း
- ငွေပမာဏ	-	၂၆၀၁.၁၁ (ချေးငွေ သန်း ၂၀၀၀ အပါအဝင်)
- လမ်း	-	၉၆၀၀.၀၀
- တံတား	-	၉၀၁.၂၀
- အဆောက်အဦ	-	၄၀၀.၀၀
	-	နိုင်ငံတော်မှ ချေးငွေ ကျပ် (၂၀၀၀.၀၀) သန်းကို တစ်နှစ်အတိုး ၁၇ % ဖြင့် ရယူထားခြင်း ဖြစ်ပါသည်။
၇။ တည်ဆောက်ရေးကာလ	-	(၁-၁၀-၂၀၀၂) နေ့မှစ၍ (၃)နှစ် ဖြစ်ပါသည်။
၈။ လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)
၉။ ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် ငံမြောက်ဝင်ငွေအားကောက်နှုတ် တင်ပြထားခြင်း ဖြစ်ပါသည်။)	-	ကျပ် ၃၁၅၅.၉၅ သန်း

၁၀။ အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၆၆၀.၇၆ သန်း
၁၁။ အရင်းကြေကာလ	-	(၂၄) နှစ်
၁၂။ အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	-	၃.၆၅ %
၁၃။ နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်	-	
-ဝင်ငွေခွန်		ကျပ် ၂၈၃.၁၈ သန်း
-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၁၅၇.၈၀ သန်း
၁၄။ လုပ်သားအင်အား	-	ပြည်တွင်း ၄၈၉ ဦး
		ပြည်ပ ၃ ဦး (အချိန်ပိုင်း)
		၄၉၂ ဦး

နောက်ဆက်တွဲ (ဆ)

ဟိုက်စတားကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် (ညောင်လေးပင် - ဇေယျာဝတီ) လမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။ ကုမ္ပဏီအမည်	-	ဟိုက်စတား ကုမ္ပဏီလီမိတက်
၂။ လုပ်ငန်းအဆိုပြုသူအမည်	-	ဦးရဲမြင့်
၃။ အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီး ၏ ညောင်လေးပင် - ဇေယျာဝတီ လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်း
၄။ လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	ညောင်လေးပင် - ဇေယျာဝတီ (၄၈ မိုင်) (မိုင်တိုင် ၉၈/ ၀ မှ ၁၄၆/ ၀ အထိ)
၅။ လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	မိုင်တိုင် ၁၀၇/ ၄ - ၅ (အသွား/ အပြန် ခရီးအတွက်)
၆။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၁၁၄၀၂.၇၀ သန်း (US$ ၁၄.၂၉ သန်း အပါအဝင်)
- ငွေပမာဏ	-	၉၄၆၆.၆၁ (ချေးငွေ သန်း ၁၀၀၀ အပါအဝင်)
- လုပ်ငန်းသုံးလောင်စာဆီနှင့်ချောဆီများ	-	၄၄.၁၁ (US$ ၇.၃၅ သန်း)
- စက်ပစ္စည်းကိရိယာများ	-	၆၀၁.၇၄ (US$ ၆.၉၄ သန်း)
- အဆောက်အဦ (Plaza, Max toldo အပါအဝင်)	-	၇၇၄.၂၂
- လုပ်ငန်းသုံး မော်တော်ယာဥ်များ	-	၁၇၂.၁၀ (ပြည်တွင်းမှဝယ်ယူခြင်း)
- ချေးငွေပေါ်အတိုး	-	၁၇၀.၀၀
- Infrastructure	-	၁၂၇.၀၀
- ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း	-	၄၆.၉၂
	-	နိုင်ငံတော်မှ ချေးငွေ ကျပ် (၁၀၀၀.၀၀) သန်းကို တစ်နှစ် အတိုး ၁၇% ဖြင့် ရယူထားခြင်း ဖြစ်ပါသည်။

- လုပ်ငန်းသုံး လောင်စာဆီနှင့် ချောဆီများ တန်ဖိုး US$ (၇.၃၅) သန်းတွင် US$(၀.၄၆)သန်းဖိုးမှာတင်သွင်းပြီးဖြစ်ပါသည်။ ကျန် US$(၆.၈၉)သန်းဖိုး မှာ BOT သက်တမ်းကာလအတွင်း လမ်းများ တိုးတက် ကောင်းမွန်အောင်ပြုပြင်ရာတွင်လိုအပ်နေမည်ဖြစ်ပါ၍ ခန့်မှန်း တွက်ချက်တင်ပြထားခြင်းဖြစ်ကြောင်းကုမ္ပဏီမှတင်ပြထားပါသည်။
- စက်အရံပစ္စည်းများ US$ (၆.၉၄) သန်းဖိုးကို ပြည်ပမှတင်သွင်းရန် ဖော်ပြထားပါသည်။ ယင်းပစ္စည်းများစာရင်းတွင် လူစီးယာဉ်များ (၁၅)စီး တန်ဖိုး (US$ ၀.၅၈ သန်း) ပါဝင် နေပါသည်။ ယင်းတို့ကို ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် သီးခြားတင်ပြခွင့်ပြုချက် ရယူမည် ဖြစ်ပါသည်။

၇။ တည်ဆောက်ရေးကာလ	-	(၁-၁၀-၂၀၀၂) နေ့မှစ၍ (၃)နှစ် ဖြစ်ပါသည်။
၈။ လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)
၉။ ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက် နှုတ် တင်ပြထားခြင်း ဖြစ်ပါ သည်။)	-	ကျပ် ၂၀၃၃.၂၆ သန်း
၁၀။ အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၉၃.၉၁ သန်း
၁၁။ အရင်းကြေကာလ	-	(၃၀) နှစ်
၁၂။ အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	-	၁.၆၉ %
၁၃။ နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်	-	
-ဝင်ငွေခွန်		ကျပ် ၄၀.၂၅ သန်း
-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၁၀၁.၆၆ သန်း
၁၄။ လုပ်သားအင်အား	-	ပြည်တွင်း ၁၀၉ ဦး

နောက်ဆက်တွဲ (ဇ)

ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် (ဇေယျဝတီ - ရေတာရှည်) လမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။ ကုမ္ပဏီအမည်	- ကမ္ဘောဇလမ်းကြောင်းရှာဖွေရေးစက်မှုလုပ်ငန်းများ လီမိတက်
၂။ လုပ်ငန်းအဆိုပြုသူအမည်	- ဒေါ်နန်းသန်းထွေး
၃။ အဆိုပြုလုပ်ငန်း အမျိုးအစား	- ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီး ၏ (ဇေယျဝတီ - ရေတာရှည်) လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်း
၄။ လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	- ဇေယျဝတီ - ရေတာရှည် (၄၈ မိုင်) (မိုင်တိုင် ၁၄၆/ ၀ မှ ၁၉၄/ ၀ အထိ)
၅။ လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	- မိုင်တိုင် ၁၇၁/ ၀ - ၁ ကြားရှိ ဟင်းငုတ်ပင်ရွာ၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု၊ အုတ်တွင်းမြို့နယ်၊ (အသွားခရီးနှင့် အပြန်ခရီးအတွက်)
၆။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၂၇၁၀၇.၆၂ သန်း (US$ ၉.၃၁ သန်း အပါအဝင်)
- ငွေပမာဏ	- ၁၈၂၈၃.၇၃ (ချေးငွေ သန်း ၅၀၀၀ အပါအဝင်)
- လုပ်ငန်းသုံးပစ္စည်းများ	- ၈၅၈၅.၉၃ (US$ ၇.၃၀ သန်း အပါအဝင်)
- အဆောက်အဦ	- ၂၀၃.၅၀
- စက်ပစ္စည်းကိရိယာ	- ၃၄.၄၆ (US$ ၂.၀၁ သန်း အပါအဝင်)
	- နိုင်ငံတော်မှ ချေးငွေ ကျပ် (၅၀၀၀.၀၀) သန်းကို တစ်နှစ် အတိုး ၁၇% ဖြင့် ရယူထားခြင်း ဖြစ်ပါသည်။
	- အမေရိကန်ဒေါ်လာ (၂.၀၁)သန်း တန်ဖိုးရှိ စက်ယန္တရား ပစ္စည်းများနှင့် အမေရိကန်ဒေါ်လာ (၇.၃၀)သန်း တန်ဖိုး ရှိ ကတ္တရာစေးနှင့် ဒီဇယ်များမှာ ပြည်ပမှ ဝယ်ယူပြီး တန်ဖိုး ဖြစ်ပါသည်။
၇။ တည်ဆောက်ရေးကာလ	- (၁-၁၀-၂၀၀၂) နေ့မှစ၍ (၃)နှစ် ဖြစ်ပါသည်။

၈။ လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)
၉။ ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက် နှုတ် တင်ပြထားခြင်း ဖြစ်ပါ သည်။)	-	ကျပ် ၂၅၈၂.၂၁ သန်း
၁၀။ အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၇၃၇.၈၀ သန်း
၁၁။ အရင်းကြေကာလ	-	(၁၇) နှစ် နှင့် (၈) လ
၁၂။ အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	-	၄.၈၇ %
၁၃။ နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်	-	
-ဝင်ငွေခွန်		ကျပ် ၃၁၆.၂၀ သန်း
-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၁၂၉.၁၁ သန်း
၁၄။ လုပ်သားအင်အား	-	ပြည်တွင်း ၂၄၅ ဦး

နောက်ဆက်တွဲ (၅)

အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့်
(ရေတာရှည် - ပျဉ်းမနား) လမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။	ကုမ္ပဏီအမည်	-	အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်
၂။	လုပ်ငန်းအဆိုပြုသူအမည်	-	ဦးထွန်းမြင့်နိုင်
၃။	အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ ရေတာရှည် - ပျဉ်းမနား လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းတံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း
၄။	လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	ရေတာရှည် - ပျဉ်းမနား (မိုင်တိုင် ၁၉၄/၀ မှ မိုင်တိုင် ၂၂၀/၂ အထိ)(၂၇ မိုင် ၂ဖာလုံ) နှင့် မြို့ရှောင်လမ်း (၁၂ မိုင် ၃.၅ ဖာလုံ) စုစုပေါင်း (၃၉)မိုင် (၅.၅)ဖာလုံ
၅။	လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	မိုင်တိုင် (၁၉၈/ ၀) (အသွားခရီးနှင့် အပြန်ခရီးအတွက်)
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	<u>ကျပ် ၂၀၆၉၇.၃၀ သန်း</u> (US$ ၀.၄၃ သန်း အပါအဝင်)
	လမ်း	-	၁၀၀၇၅.၆၀ (ချေးငွေ သန်း ၁၀၀၀ အပါအဝင်)
	တံတား	-	၁၀၆၁၉.၁၀
	ကုန်ကြမ်း	-	၂.၆၀ (US$ ၀.၄၃ သန်း)
		-	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သည့် နိုင်ငံတော်မှ ချေးငွေ ကျပ် (၁၀၀၀.၀၀) သန်း ကို တစ်နှစ်အတိုး ၁၇% ဖြင့် ရယူထားခြင်း ဖြစ်ပါသည်။
		-	အမေရိကန်ဒေါ်လာ (၀.၄၃) သန်းမှာ တံတား၏ သံမဏိ သံဘောင်ဖိုး ဖြစ်ပြီး တင်သွင်းသုံးစွဲပြီး ဖြစ်ပါသည်။
၇။	တည်ဆောက်ရေးကာလ	-	(၁၂-၅-၂၀၀၇) နေ့မှ စ၍ (၃)နှစ် ဖြစ်ပါသည်။
၈။	လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေး ကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)

၉။	ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက် နှုတ် တင်ပြထားခြင်း ဖြစ်ပါ သည်။)	-	ကျပ် ၁၄၈၅.၂၄ သန်း
၁၀။	အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၂၅၄.၉၇ သန်း
၁၁။	အရင်းကြေကာလ	-	(၂၈)နှစ်၊ (၆)လ
၁၂။	အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	-	၁.၅၁ %
၁၃။	နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်	-	
	-ဝင်ငွေခွန်		ကျပ် ၁၀၉.၂၇ သန်း
	-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၇၄.၂၆ သန်း
၁၄။	လုပ်သားအင်အား	-	ပြည်တွင်း ၃၁၄ ဦး
၁၅။	လွှဲပြောင်းခြင်း	-	အဆိုပါ လမ်းအပိုင်းသည် မူလက ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဖောက်လုပ်ခဲ့သည့် လမ်းအပိုင်းဖြစ်ပြီး (၁၂-၅-၂၀၀၇) နေ့မှစ၍ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်မှ အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်သို့ လွှဲပြောင်း ပေးခဲ့ခြင်း ဖြစ်ပါသည်။

နောက်ဆက်တွဲ (ည)

အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် (ပျဉ်းမနား- ရမည်းသင်း) လမ်းအပိုင်းနှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။	ကုမ္ပဏီအမည်	-	အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်
၂။	လုပ်ငန်းအဆိုပြုသူအမည်	-	ဦးထွန်းမြင့်နိုင်
၃။	အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ ပျဉ်းမနား - ရမည်းသင်း လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းတံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း
၄။	လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	ပျဉ်းမနား - ရမည်းသင်း (မိုင်တိုင် ၂၄၈/၀ မှ မိုင်တိုင် ၂၉၀/၀ အထိ)(၄၂)မိုင်နှင့် ပျဉ်းမနား မြို့ရှောင်လမ်း (၃ မိုင် ၄.၅ ဖာလုံ) စုစုပေါင်း (၄၅)မိုင် (၄.၅)ဖာလုံ
၅။	လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	မိုင်တိုင် (၂၅၈/ ၄) (အသွားခရီးနှင့် အပြန်ခရီးအတွက်)
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၂၂၁၀၉.၃၀ သန်း (US$ ၀.၄၃ သန်း အပါအဝင်)
	လမ်း	-	၁၈၅၅၁.၁၈ (ချေးငွေသန်း ၁၀၀၀ အပါအဝင်)
	တံတား	-	၃၅၉၅.၅၂
	ကုန်ကြမ်း	-	၂.၆၀ (US$ ၀.၄၃ သန်း)
		-	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သည့် နိုင်ငံတော်မှ ချေးငွေ ကျပ် (၁၀၀၀.၀၀) သန်း ကို တစ်နှစ်အတိုး ၁၇% ဖြင့် ရယူထားခြင်း ဖြစ်ပါသည်။
		-	အမေရိကန်ဒေါ်လာ (၀.၄၃) သန်းမှာ တံတား၏ သံမဏိ သံဘောင်ဖိုး ဖြစ်ပြီး တင်သွင်းသုံးစွဲပြီး ဖြစ်ပါသည်။
၇။	တည်ဆောက်ရေးကာလ	-	(၁-၁၀-၂၀၀၂) နေ့မှ စ၍ (၃)နှစ် ဖြစ်ပါသည်။

၈။	လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)
၉။	ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက်နှုတ် တင်ပြထားခြင်း ဖြစ်ပါသည်။)	-	ကျပ် ၁၇၄၉.၆၃ သန်း
၁၀။	အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၄၀၂.၆၇ သန်း
၁၁။	အရင်းကြေကာလ	-	(၃၁)နှစ်၊ (၈)လ
၁၂။	အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	-	၁.၀၁ %
၁၃။	နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ်	-	
	- ဝင်ငွေခွန်		ကျပ် ၁၇၂.၅၈ သန်း
	-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၈၇.၄၈ သန်း
၁၄။	လုပ်သားအင်အား	-	ပြည်တွင်း ၃၈၆ ဦး

နောက်ဆက်တွဲ (၄)

ယုဇန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် (ရမည်းသင်း - မိတ္ထီလာ) လမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။ ကုမ္ပဏီအမည်	-	ယုဇန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၂။ လုပ်ငန်းအဆိုပြုသူအမည်	-	ဦးဌေးမြင့်
၃။ အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ ရမည်းသင်း - မိတ္ထီလာ လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်း
၄။ လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	ရမည်းသင်း - မိတ္ထီလာ (၄၈ မိုင်) (မိုင်တိုင် ၂၉၀/ ၀ မှ ၃၃၈/ ၀ အထိ)
၅။ လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	မိုင် ၂၉၆/ ၃ - ၄ (ဥသျှစ်ကုန်းကျေးရွာဂိတ်) (အသွား - အပြန် ခရီးအတွက်)
၆။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၂၁၆၀၀.၀၀ သန်း
- ငွေပမာဏ	-	၉၈၀၀.၀၀ (ချေးငွေ သန်း ၂၀၀၀ အပါအဝင်)
- စက်ပစ္စည်းကိရိယာ	-	၂၀၀၀.၀၀
- အဆောက်အဦ	-	၅၀၀.၀၀
- ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်း	-	၃၀၀.၀၀
- လုပ်ငန်းသုံးပစ္စည်း	-	၉၀၀၀.၀၀
	-	နိုင်ငံတော်မှ ချေးငွေ ကျပ်(၂၀၀၀.၀၀)သန်း ကို တစ်နှစ်လျှင် အတိုး ၁၇ % ဖြင့် ရယူထားခြင်း ဖြစ်ပါသည်။
၇။ တည်ဆောက်ရေးကာလ	-	(၁-၁၀-၂၀၀၂) နေ့မှစ၍ (၃)နှစ် ဖြစ်ပါသည်။
၈။ လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)
၉။ ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက်နှုတ် တင်ပြထားခြင်း ဖြစ်ပါသည်။)	-	ကျပ် ၃၁၃၁.၄၁ သန်း

၁၀။	အသားတင်အမြတ် (၇ နှစ် မြောက်)	- ကျပ် ၈၅၃.၈၅ သန်း
၁၁။	အရင်းကြေကာလ	- (၂၆) နှစ်
၁၂။	အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	- ၃ %
၁၃။	နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်	-
	-ဝင်ငွေခွန်	ကျပ် ၃၆၅.၉၄ သန်း
	-လမ်းတံတားဖြတ်သန်းခရငွေ	- ကျပ် ၁၅၆.၅၇ သန်း
၁၄။	လုပ်သားအင်အား	- ပြည်တွင်း ၃၀၀ ဦး

နောက်ဆက်တွဲ (ဋ)

သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် (မိတ္ထီလာ - မန္တလေး) လမ်းအပိုင်း နှင့် စပ်လျဉ်းသည့် အဓိကအချက်အလက်များ

၁။	ကုမ္ပဏီအမည်	-	သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၂။	လုပ်ငန်းအဆိုပြုသူအမည်	-	ဦးနေဝင်းကျော်
၃။	အဆိုပြုလုပ်ငန်း အမျိုးအစား	-	ရန်ကုန် - မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ မိတ္ထီလာ - မန္တလေး လမ်းအပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်း
၄။	လုပ်ငန်းတည်နေရာ (လမ်းအရှည်မိုင်)	-	မိတ္ထီလာ - မန္တလေး (၈၇ မိုင် ၇ ဖာလုံ) (မိုင်တိုင် ၃၃၈/ ၀ မှ ၄၂၂/ ၅ ထိ ၈၄ မိုင် ၅ ဖာလုံနှင့် ပုလိပ်မြို့ ရှောင်လမ်း ၃ မိုင် ၂ ဖာလုံ)
၅။	လမ်းတံတားအသုံးပြုခ ကောက်ခံမည့် ဂိတ် တည်နေရာ	-	<u>အသွားခရီး</u> (မန္တလေးမှ မိတ္ထီလာ) မိုင် ၄၁၃/ ၄ မြို့သာကုန်းဂိတ် မိုင် ၃၈၉/ ၇ လက်ညှိုးထိုးရွာဂိတ် <u>အပြန်ခရီး</u> (မိတ္ထီလာမှ မန္တလေး) မိုင် ၃၄၉/ ၄ သပြေဝဂိတ် မိုင် ၃၈၉/ ၇ လက်ညှိုးထိုးရွာဂိတ်
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	<u>ကျပ် ၅၅၇၇၅.၀၀ သန်း</u>
	- ငွေပမာဏ	-	၅၅၆၉၅.၀၀
	- အဆောက်အဦတန်ဖိုး	-	၇၀.၀၀
	- ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်း တန်ဖိုး	-	၁၀.၀၀
		-	စက်၊ ယာဉ်ယန္တရားများကို ဝယ်ယူခြင်း မပြုဘဲ ငှားရမ်း အသုံးပြုမည် ဖြစ်ပါသည်။
၇။	တည်ဆောက်ရေးကာလ	-	(၁-၁၀-၂၀၀၂) နေ့မှစ၍ (၃)နှစ် ဖြစ်ပါသည်။
၈။	လုပ်ငန်းသက်တမ်းကာလ	-	တည်ဆောက်ရေးကာလ (၃)နှစ် ပြီး နောက် နှစ် (၄၀)

၉။ ဝင်ငွေ (တည်ဆောက်ရေးကာလပြီး လုပ်ငန်းသက်တမ်း (၇) နှစ် မြောက်ဝင်ငွေအားကောက်နှုတ် တင်ပြထားခြင်း ဖြစ်ပါသည်။)	-	ကျပ် ၄၃၄၄.၆၄ သန်း
၁၀။ အသားတင်အမြတ် (၇ နှစ် မြောက်)	-	ကျပ် ၂၂၂၇.၁၈ သန်း
၁၁။ အရင်းကြေကာလ	-	(၃၁) နှစ်
၁၂။ အရင်းအနှီးအပေါ် အကျိုး အမြတ် ပြန်ပေါ်နှုန်း (IRR)	-	၁.၄၆ %
၁၃။ နိုင်ငံတော်မှ ရရှိမည့် အကျိုး အမြတ်		
-ဝင်ငွေခွန်	-	ကျပ် ၉၅၄.၅၀ သန်း
-လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၂၁၇.၂၃ သန်း
၁၄။ လုပ်သားအင်အား	-	ပြည်တွင်း ၃၀၀ ဦး ပြည်ပ ၉ ဦး (အချိန်ပိုင်း) ၃၀၉ ဦး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊နေပြည်တော်

Fax -95-67-406333

ဖုန်း-၀၆၇-၄၀၆၃၃၄၊ ၄၀၆၀၇၅

စာအမှတ်၊ ရက-၁ / မ-၇၀၆/၂၀၀၉(၁၅၄၂၈)
ရက်စွဲ၊ ၂၀၀၉ ခုနှစ် ၊ အောက်တိုဘာလ ၂ ရက်၊

အကြောင်းအရာ။ ။ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအပိုင်းများအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန် အတွက် အဆိုပြု ချက်များ တင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏

(၁) (၂၈-၇-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ၁/ ခွဲ- ၂/ ထွေ/ ၂၀၀၉ (ကုမ္ပဏီ) (စီ ၅၀၇၁) (ရမည်းသင်း-မိတ္ထီလာ)(ယုဇနကုမ္ပဏီ)

(၂) (၂၅-၈-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ၁/ ခွဲ- ၂/ ထွေ/ ၂၀၀၉ (ကုမ္ပဏီ) (စီ ၅၉၆၁) (ပဲခူး-ညောင်လေးပင်)(ရွှေသံလွင်)

(၃) (၂၅-၈-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ၁/ ခွဲ- ၂/ ထွေ/ ၂၀၀၉ (ကုမ္ပဏီ) (စီ ၅၉၆၂) (မန္တလေး-မိတ္ထီလာ)(သော်တာဝင်း)

(၄) (၂၇-၈-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ၁/ ခွဲ- ၂/ထွေ/ ၂၀၀၉ (ကုမ္ပဏီ) (စီ ၆၀၂၅) (ထောက်ကြံ့ - ပဲခူး) (မက်စ်(မြန်မာ))

(၅) (၃၁-၈-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ၁/ ခွဲ- ၂/ ထွေ/ ၂၀၀၉ (ကုမ္ပဏီ) (စီ ၆၁၀၄) (ဇေယျာဝတီ-ရေတာရှည်)(ကမ္ဘောဇ)

(၆) (၃၁-၈-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ၁/ ခွဲ- ၂/ ထွေ/ ၂၀၀၉ (ကုမ္ပဏီ) (စီ ၆၀၆၈) (ညောင်လေးပင်-ဇေယျာဝတီ)(ဟိုက်စတား)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းအဆိုပြုလွှာ(၆)ခုကို ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ ရည်ညွှန်းချက်ပါ စာများဖြင့် တင်ပြခြင်း အား (၂၃-၉-၂၀၀၉) နေ့ တွင် ကျင်းပသော ကုန်သွယ်မှု မူဝါဒကောင်စီ၏ (၃၂/ ၂၀၀၉) အစည်းအဝေး၌ တင်ပြခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

(က) ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ အောက်ပါ လမ်းအပိုင်း(၆)ပိုင်းအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း အား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုရန်။

(၁) ထောက်ကြံ့ - ပဲခူးလမ်းအပိုင်း (၃၂ မိုင် ၆ဖာလုံ)
(မက်စ်(မြန်မာ)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(၂) ပဲခူး-ညောင်လေးပင် လမ်းအပိုင်း (၄၈ မိုင်)
(ရွှေသံလွင်အဝေးပြေးလမ်းမကြီးကုမ္ပဏီလီမိတက်)

(၃) ညောင်လေးပင် - ဇေယျာဝတီလမ်းအပိုင်း (၄၈ မိုင်)
(ဟိုက်စတား ကုမ္ပဏီလီမိတက်)

(၄) ဇေယျာဝတီ-ရေတာရှည်လမ်းအပိုင်း (၄၈ မိုင်)
(ကမ္ဘောဇလမ်းကြောင်းရှာဖွေရေးစက်မှုလုပ်ငန်းများလီမိတက်)

(၅) ရမည်းသင်း-မိတ္ထီလာ လမ်းအပိုင်း (၄၈ မိုင်)
(ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(၆) မိတ္ထီလာ - မန္တလေး လမ်းအပိုင်း (၈၇ မိုင် ၇ ဖာလုံ)
(သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(ခ) နောင်နှစ်တံတားများ လေလံပစ်သည့် အခါတွင် အသုံးပြု နိုင်ရန် အတွက် လမ်း၊ တံတား အသုံးပြုသည့် ကားစီးရေကို သေချာစွာကောက်ခိုင်းရန်။

(ဂ) ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ တံတားများ၏ ပြုပြင် ထိန်းသိမ်း ရေး လုပ်ငန်း များကို သက်ဆိုင်ရာ ကုမ္ပဏီများအား တာဝန်ယူဆောင်ရွက်စေရန်။

၃။ အထက်ပါ အစည်းအဝေးဆုံးဖြတ်ချက်ကို သိရှိနိုင်ပါရန်နှင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြနိုင်ရန် အတွက် အဆိုပြုလွှာ (၁၂)စုံကို Adobe Acrobat Reader (Pdf) File ဖြင့် ထည့်သွင်းထားသော CD Copy နှင့်အတူ ဤကော်မရှင်သို့ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

ဦးကျော်ဌေး (ကိုယ်စား)
(ဗိုလ်မှူးကြီး သူရိန်ဇော်၊ အတွင်းရေးမှူး)

ဝန်ကြီးရုံး၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

မိတ္တူ-

(၁) ဦးဆောင်ညွှန်ကြားရေးမှူး၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။
(၂) ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်။
(၃) ရွှေသံလွင်အဝေးပြေးလမ်းမကြီးကုမ္ပဏီလီမိတက်။
(၄) သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်။
(၅) မက်စ်(မြန်မာ)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်။
(၆) ကမ္ဘောဇလမ်းကြောင်းရှာဖွေရေးစက်မှုလုပ်ငန်းများလီမိတက်။
(၇) ဟိုက်စတား ကုမ္ပဏီလီမိတက်။
(၈) ရုံးလက်ခံ/ မျှောစာတွဲ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက- ၆(ခ)/မ- လမ်း/ ၂၀၀၉(၁၄၉၁၃)၊

ရက်စွဲ၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ လ ၁၈ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ ။ ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအပိုင်းများအား BOT စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ကို ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် အညီ ဆောင်ရွက်ရန် အတွက် အဆိုပြုချက်များ တင်ပြခြင်းကိစ္စ။

၁။ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏လမ်းအပိုင်း စုစုပေါင်း(၈)ပိုင်းအား ကုမ္ပဏီ (၇)ခုမှ BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ကော်မရှင် ခွင့်ပြုမိန့် ရရှိရေး အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်များ တင်ပြခဲ့ပါသည်။

၂။ ယင်းအဆိုပြုချက်များအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးများတွင် တင်ပြပြီး အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက် (Asia World Co., Ltd.) မှ ဆောင်ရွက်သည့် (ရေတာရှည် - ပျဉ်းမနား) နှင့် (ပျဉ်းမနား - ရမည်းသင်း) လမ်းအပိုင်း အဆိုပြုချက် (၂)ခု အား (၂၉-၇-၂၀၀၉) နေ့တွင် ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၂၄/ ၂၀၀၉) အစည်းအဝေး၌ တင်ပြ လမ်းညွှန်မှုခံယူခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အောက်ပါ လမ်းအပိုင်း(၆)ပိုင်းအား ကုန်သွယ်မှု မူဝါဒကောင်စီသို့ ဆက်လက်တင်ပြပေးပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်ပြလာခြင်း ဖြစ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လမ်းအရှည်မိုင်	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	ဆောင်ရွက်သည့် ကုမ္ပဏီ
၁။	ထောက်ကြံ့ - ပဲခူး	၃၂ မိုင်၊ ၆ ဖာလုံ	ကျပ် ၁၁၃၁၈.၅၁ သန်း (US$ ၆.၂၅ သန်း အပါအဝင်)	မက်စ် (မြန်မာ) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
၂။	ပဲခူး - ညောင်လေးပင်	၄၈ မိုင်	ကျပ် ၁၃၅၀၂.၁၁ သန်း	ရွှေသံလွင်အဝေးပြေး လမ်းမကြီး ကုမ္ပဏီ လီမိတက်
၃။	ညောင်လေးပင် - ဇေယျာဝတီ	၄၈ မိုင်	ကျပ် ၁၁၄၀၂.၇၀ သန်း (US$ ၁၄.၂၉ သန်း အပါအဝင်)	ဟိုက်စတား ကုမ္ပဏီ လီမိတက်
၄။	ဇေယျာဝတီ - ရေတာရှည် *	၄၈ မိုင်	ကျပ် ၂၇၁၀၇.၆၂ သန်း (US$ ၉.၃၁ သန်း အပါအဝင်	ကမ္ဘောဇလမ်းကြောင်း ရှာဖွေရေး စက်မှု လုပ်ငန်းများလီမိတက်
၅။	ရမည်းသင်း - မိတ္ထီလာ	၄၈ မိုင်	ကျပ် ၂၁၆၀၀.၀၀ သန်း	ယုဇန ဆောက်လုပ် ရေး ကုမ္ပဏီလီမိတက်
၆။	မိတ္ထီလာ - မန္တလေး	၈၇ မိုင်၊ ၇ ဖာလုံ	ကျပ် ၅၅၇၇၅.၀၀ သန်း	သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

* အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက် (Asia World Co., Ltd.) မှ တာဝန်ယူသည့် (ရေတာရှည် - ပျဉ်းမနား) နှင့် (ပျဉ်းမနား - ရမည်းသင်း) ၂ ပိုင်းကို ကုန်သွယ်မှုမူဝါဒကောင်စီသို့ တင်ပြပြီး ဖြစ်ပါသည်။

၃။ ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအပိုင်းများနှင့် စပ်လျဉ်း၍ ကုန်သွယ်မှုမူဝါဒကောင်စီ ၏ (၂၄/၂၀၀၉) (၂၉-၇-၂၀၀၉) အစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

(က) အေးရှားဝါး(လ်) ကုမ္ပဏီလီမိတက်မှ ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ (ရေတာရှည် - ပျဉ်းမနား) နှင့် (ပျဉ်းမနား - ရမည်းသင်း) လမ်းအပိုင်း တို့အား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခများ ကောက်ခံရန်၊

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခနှုန်း တစ်မိုင်နှုန်း (ကျပ်)
၁။	(၁)တန်အောက်ယာဉ်ငယ်များ	၄ ကျပ် ၁၃ ပြား
၂။	(၁)တန်မှ(၃)တန်အထိယာဉ်များ	၁၂ ကျပ် ၃၉ ပြား
၃။	(၅) တန်အောက်ကားကြီးများ	၂၀ ကျပ် ၆၅ ပြား
၄။	(၁၀)တန်အောက်ကုန်တင်ယာဉ်ကြီး များ	၄၁ ကျပ် ၃၀ ပြား
၅။	(၂၀)တန်ထိကုန်တင်ယာဉ်ကြီး များ	၈၂ ကျပ် ၅၉ ပြား
၆။	(၂၀)တန်အထက်တန်ပို(၁)တန် လျှင်	၈ ကျပ် ၂၆ ပြား

(ခ) လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို ယင်းတံတား တည်ဆောက်သည့်ကုမ္ပဏီကသာ ကောက်ခံရန်နှင့် တံတားတည်ဆောက်သည့်ကုမ္ပဏီ မဟုတ်ပါက လေလံဖြင့်သာ ဆောင်ရွက်ရန်၊

(ဂ) "အေးရှားဝါး(လ်)ကုမ္ပဏီလီမိတက်သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်လုပ်ကိုင်ခွင့်မပြုရဘဲ လုပ်ငန်း တစ်စိတ် တစ်ဒေသကိုမူ တစ်ဆင့်လုပ်ကိုင်ခွင့် ပြုနိုင်သည် " ကို ထည့်သွင်းဖော်ပြခြင်းမပြုရန်၊

၄။ ယခုတင်ပြသည့် အဆိုပြုလမ်းအပိုင်း (၆)ပိုင်းတွင် ကုန်သွယ်မှု မူဝါဒကောင်စီ ၏ (၂၄/၂၀၀၉)(၂၉-၇-၂၀၀၉) အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ တံတားခကောက်ခံသည့်ကိစ္စနှင့် လုပ်ငန်းတစ်ဆင့်ခံ လုပ်ကိုင်ခြင်း ကိစ္စများကို ပဋိညာဉ်စာချုပ် (မူကြမ်း) များတွင် ပြင်ဆင်တင်ပြထားပါသည်။ သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်သည့် မိတ္ထီလာ - မန္တလေးလမ်းအပိုင်း၌ ကုမ္ပဏီမှ တံတား(၃)စင်း တည်ဆောက်ထားပြီး တံတားအသုံးပြုခ ကောက်ခံရငွေကို ကုမ္ပဏီ၏ ဝင်ငွေတွင် ထည့်သွင်းဖော်ပြထားပါသည်။ ကျန်လမ်းအပိုင်း (၅)ပိုင်းရှိ တံတားများမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏တံတားများဖြစ်ပြီး ကုမ္ပဏီမှလေလံစနစ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း တင်ပြထားပါသည်။ လမ်းအပိုင်းအလိုက် (၁၈၀) ပေ အထက် တံတားအသုံးပြုခ ကောက်ခံမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (၁) ဖြင့် တင်ပြအပ်ပါသည်။

(၁၈၀) ပေ အထက် တံတားကြီးများ အသုံးပြုခ ကောက်ခံမှု

စဉ်	ကုမ္ပဏီအမည်	လမ်းအပိုင်း	ဌာနမှ တည်ဆောက်သည့် တံတား (လေလံစနစ်ဖြင့် ဆောင်ရွက်ခြင်း)	ကုမ္ပဏီမှတည်ဆောက်သည့် တံတား (ကုမ္ပဏီမှ ကောက်ခံခြင်း)
၁။	မက်(စ်)မြန်မာ	ထောက်ကြံ့ - ပဲခူး	၁	-
၂။	ရွှေသံလွင်	ပဲခူး - ညောင်လေးပင်	၆	-
၃။	ဟိုက်စတား	ညောင်လေးပင်-ဇေယျာဝတီ	၂	-
၄။	ကမ္ဘောဇ	ဇေယျာဝတီ - ရေတာရှည်*	၁	-
၅။	ယုဇန	ရမည်းသင်း - မိတ္ထီလာ	၂	-
၆။	သော်တာဝင်း	မိတ္ထီလာ - မန္တလေး	၅	၃

* အေးရှားဝါး(လ်)ကုမ္ပဏီလီမိတက်မှ တာဝန်ယူသည့် (ရေတာရှည် - ပျဉ်းမနား)နှင့် (ပျဉ်းမနား - ရမည်းသင်း) နှစ်ပိုင်းတွင် ဌာန တံတား (၁)စင်း ၊ကုမ္ပဏီ တံတား (၄)စင်း ရှိပါသည်။

(ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီးတွင် (၁၈၀)ပေ အထက်တံတားကြီး (၂၅)စင်း ရှိပါသည်။)

၅။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် ကုမ္ပဏီတို့ ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ် (မူကြမ်း) များပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လမ်း ဖောက်လုပ်သည့် လုပ်ငန်းကာလ (တည်ဆောက်ရေး ကာလ) မှာ (၃) နှစ် ဖြစ်ပါသည်။

(ခ) လုပ်ငန်း သက်တမ်း ကာလမှာ နှစ်(၄၀) ဖြစ်ပြီး လမ်း ဖောက်လုပ်သည့် လုပ်ငန်းကာလ (၃)နှစ် အထိ ဆောင်ရွက် ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်း အပြီးသတ် ဆောင်ရွက် ပြီးစီးမှု လက်မှတ် ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ် အနက် စောရာ နေ့ရက် ကာလ မှ စတင် သတ်မှတ်မည် ဖြစ်ပါသည်။

(ဂ) အဆိုပြု ကုမ္ပဏီ များမှ လမ်းအသုံးပြုခနှုန်းများမှာ ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၂၄/၂၀၀၉) အစည်းအဝေးလမ်းညွှန်ချက် အတိုင်း ကောက်ခံမည် ဖြစ်ပါသည်။

(ဃ) တံတား အသုံးပြုခများကို ပေ (၁၈၀) နှင့် အထက် ရှည်သည့် တံတားများ အတွက် နိုင်ငံတော် မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ်ဖြင့် လည်းကောင်း၊ ကုမ္ပဏီ၏ ရန်ပုံငွေ ဖြင့် တည်ဆောက်သော တံတားများ အတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း နှင့် ကုမ္ပဏီတို့ ညှိနှိုင်း သဘောတူညီသည့် နှုန်းထား ဖြင့် ကောက်ခံရမည် ဖြစ်ပါသည်။

(င) လမ်း၊ တံတား အသုံးပြုခရငွေအပေါ် ခွင့်ပြုကာလ အပိုင်းအခြား အလိုက် အောက်ပါ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများ အတိုင်း နိုင်ငံတော်သို့ ပေးသွင်းရ မည် ဖြစ်ပါသည်။

(၁)	ပထမ (၃)နှစ် အတွက်	- ကင်းလွတ်ခွင့်ကာလ
(၂)	(၄) နှစ်မြောက်မှ (၁၃)နှစ်မြောက်အထိ (၁၀)နှစ်	- ၅% ပေးသွင်းရန်
(၃)	(၁၄) နှစ်မြောက်မှ (၂၃)နှစ်မြောက်အထိ(၁၀)နှစ်	- ၁၀% ပေးသွင်းရန်
(၄)	(၂၄) နှစ်မြောက်မှ (၃၃)နှစ်မြောက်အထိ (၁၀)နှစ်	- ၁၅% ပေးသွင်းရန်
(၅)	(၃၄) နှစ်မြောက်မှ (၄၀)နှစ်မြောက်အထိ (၇)နှစ်	- ၂၀% ပေးသွင်းရန်

(စ) အဆိုပြုကုမ္ပဏီများသည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့် မပြုရပါ။

(ဆ) လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလနှစ်(၄၀)သို့မဟုတ်နောက်ထပ်တိုးမြှင့် ကာလ များ ပြီးဆုံးပါက အဆိုပါလမ်း နှင့် တံတားများ ၊ ဂိတ်များ နှင့် အဆောက်အဦ များ ကို ဆောက်လုပ် ပြီးစီးချိန်ကရှိနေသော ကောင်းမွန်သည့် အနေအထား အတိုင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာ မရှိဘဲ လွှဲပြောင်း ပေး ရမည် ဖြစ်ပါသည်။

၆။ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏လမ်းအပိုင်း (၆)ပိုင်းအား ကုမ္ပဏီ(၆)ခုတို့မှ BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းနှင့် စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်း အဆိုပြုလွှာများကို ပူးတွဲ တင်ပြအပ် ပါသည်။

၇။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့နှင့်အညီ အခွန်ကင်းလွတ် ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရပါမည်။

ဆုံးဖြတ်ရန်အချက်

၈။ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ အောက်ပါလမ်းအပိုင်း (၆)ပိုင်းအား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုရန် သဘောတူ - မတူ။

(က) ထောက်ကြံ့ - ပဲခူးလမ်းအပိုင်း (၃၂ မိုင် ၆ ဖာလုံ)
	Sub Total	453,535,895	454,826,746	456,130,507	457,447,304	458,777,270	460,120,536	461,477,234	462,847,499	464,231,467	465,629,274
5	Net Profit (Before Tax)	253,656,506	270,437,578	287,386,461	304,504,833	321,794,388	339,256,840	356,893,915	374,707,362	392,698,942	410,870,439
	Income Tax (30%)	76,096,952	81,131,273	86,215,938	91,351,450	96,538,317	101,777,052	107,068,175	112,412,208	117,809,683	123,261,132
7	Total Net Profit	177,559,554	189,306,305	201,170,523	213,153,383	225,256,072	237,479,788	249,825,741	262,295,153	274,889,260	287,609,307

Income tax = 30%

Contribution to State

Yr 4 -13	5 %
Yr 14 -23	10 %
Yr 24 -33	15 %
Yr 34 -40	20 %

Hi-Star Co., Ltd. (Construction cost) 1st 2 lane **Annex. 5**

Sr.	Particular	Unit		Rate Kyat	Pre-Engineering w		Phase 1.1		Phase 1.2			
					Qty	Amount	Qty	Amount	Qty	Amount	Qty	Amount
1	**Pre-Engineering Work**					300,000						
2	**Materials**											
	Sand	Sud		2,700			613.80	1,657,260		-	308.88	833,976
	2" x 4 "	Sud		36,000			396.00	14,256,000		-	1,029.60	37,065,600
	1" x 2 "	Sud		46,000					494.88	22,764,480		-
	1/4" x 3/4"	Sud		56,000					167.36	9,372,160		-
	1/4" x 1/2"	Sud		56,000					58.32	3,265,920		-
	1/2 chipping	Sud		67,000						-		-
	Bitumen	Ton		265,000					106.40	28,196,000		-
	HSD	Gal	1800	1,400			776.00	1,086,400	2,310.96	3,235,344	644.00	901,600
	Kerosene	Gal		2,000								
	E/O	Gal		5,000			31.60	158,000	96.08	480,400	24.00	120,000
	Brake fluid	gal		12,000						-		-
	Gear oil	Gal	8000	5,000			14.80	74,000	47.92	239,600	8.00	40,000
	Grease	Lb		2,700			78.40	211,680	288.72	779,544	72.00	194,400
	Hydraluic oil	Gal		16,000								
	Lime powder	Ton		7,500						-		-
	Firewood	Ton		15,000					8.64	129,600		-
	Hill Gravel	Sud		24,500								-
						300,000		17,443,340		68,463,048		39,155,576
3	**Labor**											
	Skilled labour	days	16000	750					37.84	28,380		-
	Experienced labour	days	2000	600			78.72	47,232	350.24	210,144	120	72,000
	General labour	days		450			3,472.00	1,562,400	2,897.60	1,303,920	1,568	705,600
	Operator (AC plant/ Paver)			1,200								
	Asphlt decenter driver	days		900					13.84	12,456		-
	Asphlt sprayer driver	days		900					13.84	12,456		-
	Drivers			900								
	Drivers			800								
	စက်မောင်း	days		900			66.40	59,760	119.76	107,784	104	93,600
	စက်မောင်းအကူ	days		500			40.32	20,160		-	48	24,000
	Durwans			450						-		-
						-		1,689,552		1,675,140	1,840	895,200
4	**Machine**											
	Soil compactor	days		100,000			10.08	1,008,000		-		-
	လမ်းကြိတ်စက်	days		45,000			56.32	2,534,400	119.76	5,389,200	104	4,680,000
	Asphlt decenter	days	55000	45,000					13.84	622,800		-
	Asphlt sprayer	days	45000	40,000					13.84	553,600		-
	AC Planks	days		300,000						-		-
	Paver	days		100,000						-		-
	FE Loader	days		100,000						-		-
	Vibrating roller	days		100,000						-		-
	Tyre roller	days		50,000						-		-
	Water browser	days	55000	40,000						-		-
	Tipper	days	55000	30,000						-		-
	Execavator	days		150,000						-		-
	Dozer class I	days		180,000						-		-
	Dozer class II	days		150,000						-		-
	Grader	days		120,000						-		-
	Dump truck	days		70,000						-		-
						-		3,542,400		6,565,600		4,680,000
5	**Earthwork**											
6	**Shoulder works (Hill Gravel)**											
7	**Culverts & Bridge**											
8	**Access Road for Hauling selected borrow soil**											
9	**Road furniture**											
10	**Temporary camps**											
11	**Maintenance during construction**											
	Grand total					-	-	-	-	-	-	-
						300,000						
									14 M 6 F x (770.6+447.54)48			
	Say					300,000		22,700,000				37,315,800
								22,700,000				37,315,800

အနုညာတစီရင်ဆုံးဖြတ်ခြင်း

၁၈။ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" တို့အကြား စာချုပ်နှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းမွန်ပြေလည်မှုရရှိရေးအတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင်ဆောင်ရွက်ရမည်၊ နှစ်ဦးနှစ်ဖက်အကြား အငြင်းပွားမှုကို ပြေလည်အောင် မဖြေရှင်းနိုင်ပါက ထိုအငြင်းပွားမှုကို အနုညာတနည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ဖြေရှင်းရမည်၊ အနုညာတ ခုံလူကြီးတစ်ဦးစီကို စာချုပ်ဝင်တစ်ဖက်စီက ခန့်ထားပြီးထိုအငြင်းပွားမှုကို ဖြေရှင်းပါလျက် အငြင်းပွားမှု မပြီးပြတ်ပါက ခုံလူကြီးနှစ်ဦးက နောက်ဆုံးအဆင့် ခုံသမာဓိလူကြီး (Umpire) တစ်ဦးကို နှစ်ဦးသဘောတူရွေးချယ် ဆုံးဖြတ်စေရမည်၊ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) ခုံသမာဓိလူကြီး ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်၊ အနုညာတခုံဖြင့် ဆောင်ရွက်ရာတွင် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ဆုံးဖြတ်ခြင်း အနုညာတ အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေ အမှတ်-၄/၁၉၄၄) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီဆောင်ရွက်ရမည်၊ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

ပဋိညာဉ်ပြီးဆုံးခြင်း

၁၉။ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စာချုပ်ပါလုပ်ငန်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ အပြည့်အဝ ပြီးဆုံးအောင် ဆောင်ရွက်ပြီးစီးသည့်အခါမှသာ ပဋိညာဉ် ပြီးဆုံးသည်ဟု မှတ်ယူရမည်။

လွှဲပြောင်းပေးခြင်း

၂၀။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤပဋိညာဉ်စာချုပ်အရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ကာလ နှစ်(၄၀) (သို့မဟုတ်)လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါလမ်း နှင့် တံတားများ၊ ဂိတ်များ နှင့် အဆောက်အအုံများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသောကောင်းမွန်သည့် အနေအထား အတိုင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"အား အဖိုးစားနား တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းပေးရမည်။

စာချုပ်၏ အစိတ်အပိုင်းများ

၂၁။ ဤစာချုပ်ပါ နောက်ဆက်တွဲများသည် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၂။ ပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့်ရေးသားဆက်သွယ်ရန် လိပ်စာမှာအောက်ပါအတိုင်းဖြစ်သည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၁၁)
နေပြည်တော်။

နှင့်

ဟိုက်စတားကုမ္ပဏီလီမိတက်
အိုလံပစ်တာဝါ (၂)၊ မြစ်ကမ်းသာ အိမ်ရာစီမံကိန်း၊ ဒုတိယထပ်၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

ပဋိညာဉ်စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့နှင့်သက်တမ်းကာလ

၂၃။ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ဤပဋိညာဉ်စာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှ ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ဤပဋိညာဉ်စာချုပ်၏ သက်တမ်းကာလမှာနှစ် (၄၈) ဖြစ်ပြီး သက်တမ်းကိုရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ပေးထားသည့် လုပ်ငန်းကာလ (၃) နှစ်အထိ ပဋိညာဉ်စာချုပ် အပိုဒ် ၂ ပါ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်းကာလ (၃) နှစ်ထက်စော၍ ပြီးစီးပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ် ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ်အနက် စောရာနေ့ရက်ကာလမှ စတင်ရေတွက်သတ်မှတ်ရမည်။

(ဂ) ပဋိညာဉ်သက်တမ်းကာလ ဆက်လက်တိုးမြှင့်လိုပါက ပဋိညာဉ်သက်တမ်းကာလ မစေ့ရောက်မီ (၆) လကြိုတင်၍ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံတင်ပြ၍ နှစ်ဖက်သဘောတူပါက (၁) ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃) ကြိမ် တိုးမြှင့်နိုင်သည်။

စာချုပ်အဟောင်းထိုးဖယ်ဖျက်ခြင်း

၂၄။ ဤစာချုပ်သည် ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၂၆.၃.၂၀၀၈) ရက်စွဲပါ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၀၈) ဆုံးဖြတ်ချက်ပါ လမ်းညွှန်ချက်များနှင့်အညီ ချုပ်ဆိုရခြင်းဖြစ်ပါသည်။ ညောင်လေးပင်-ဖေယျာဝတီ အပိုင်းနှင့် စပ်လျဉ်း၍ (၁.၄.၂၀၀၈) ရက်နေ့က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဟိုက်စတားကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သော B.O.T. စာချုပ်၊ ကန်ထရိုက်နံပါတ် (၂၀၀၈-၀၉ /ဘီအိုတီ /၃) ကို ဤစာချုပ်ဖြင့် အဟောင်းထိုး ပယ်ဖျက်ကြောင်း နှစ်ဖက်သဘောတူကြပါသည်။

စာချုပ်လက်မှတ်ရေးထိုးခြင်း

၂၅။ ဤစာချုပ်ဝင်များသည် ဤစာချုပ်ပါစည်းကမ်းချက်များကိုကိုယ်တိုင်ဖတ်ရှုသိရှိပြီး အောက်ပါအသိသက်သေများရှေ့မှောက်၌ ၂၀၀၉ ခုနှစ်၊ လ ( ) ရက်နေ့တွင်ဤစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း	ဟိုက်စတားကုမ္ပဏီလီမိတက်
(လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ)အတွက်နှင့်	(လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ	ကိုယ်စားလက်မှတ်ရေးထိုးသူ
(ဦးခင်မောင်ဆွယ်)	(ဦးရဲမြင့်)
ဦးဆောင်ညွှန်ကြားရေးမှူး	အုပ်ချုပ်မှုဒါရိုက်တာ
	မှတ်ပုံတင်အမှတ် -------------

သက်သေများ

အမည်--------------------------------
မှတ်ပုံတင်အမှတ်-----------------------
ရာထူး---------------------------------

အမည်--------------------------------
မှတ်ပုံတင်အမှတ်-----------------------
ရာထူး--------------------------------

နောက်ဆက်တွဲ (က)



လမ်းဖြတ်ပိုင်းပုံ

လျှို့ဝှက်

နောက်ဆက်တွဲ (ခ)

လမ်း-တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ

၁။ လမ်းအသုံးပြုခကောက်ခံရန်ဂိတ်များ

မိုင်၁၀၇/၄-၅ ကြား

အသွားခရီးနှင့် အပြန်ခရီးအတွက် မိုင် ၁၀၇/၄-၅ ကြားတွင် လမ်း (၁) မိုင်နှုန်းအပေါ် အခြေခံ၍ လမ်းအသုံးပြုခကောက်ခံသွားရန်။

ဟိုက်စတားကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်-တောင်ငူ-မန္တလေး လမ်းမကြီး မိုင်တိုင် ၉၈/၀မှ ၁၄၆/၀ = ၄၈မိုင်

နောက်ဆက်တွဲ (က)

နည်းပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များ

TECHNICAL SPECIFICATIONS

In general,the Geometric Design Criteria and Standards to be adopted shall be guide by the traffic volume and to a resonable level of service. All works shall be constructed to specification and acceptable engineering standards.

The following Geometric Design Criteria and Standards shall be followed-

1.Design Speed (m.p.h)		
Rural Areas	50	
Urban Areas	40	
2.Number of Lanes	2	(Bituminous)
3.Width of each lanes (feet)	12'	
4.Right of way (feet)	200'	
5.Width of Shoulder (feet)	6'	
(Hard Shoulders)		
6.Width of Formation (Feet)	80'	
7.Maximum Grade (%)	4	
8.Vertical Clearance (feet)	17	
9.Bridge Loading	AASHTO HS 20-44	
10.Pavement Load (Maximum)	60 tons	

နောက်ဆက်တွဲ(၈)

MYANMA ECONOMIC BANK
BRANCH (5)
YANGON

To

The Managing Director
Public Works
Ministry of Construction
Nay Pyi Daw .

Date________________

Dear Sir,

Our Letter of Guarantee No ________________________________
Dated ________________for K ________________________________
At the request of ________________________________
____

We MYANMA ECONOMIC BANK do hereby agree to pay you against the Guarantee the sum of K ________________(Kyats ________________________________)being the performance Bank Guarantee in respect of the Contract No ________________________ ________dated ________________________________

This performance Bank Guarantee will remain in force for the period of________________ ________________________________with effect from the ________________________________, and our liability thereunder will expire on________________________________

Yours faithfully,

Asst: Manager   Manager

COUNTERINDEMNITY

In consideration of your issuing a Guarantee as mentioned above we hereby undertakes to hold you harmless from claims, losses, charges and expenses, which may arise by reason of your so doing.

We hereby authorize you to debit to our Account No ________________with MYANMA ECONOMIC BANK ________________________, Yangon, for the commission and charges in connection with this Grarantee.

We also undertake to provide you with necessary Foreign Exchange Permit to cover the Guarantee issued.

To be signed by applicant

သက်တမ်းတိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ၃၈ / ၁၉၉၂ - ၁၉၉၃

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဟိုက် စတား ကုမ္ပဏီ လီမိတက်

အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်

ကုမ္ပဏီအဖြစ် ၁၉၉၂ ခုနှစ် ဧပြီ လ ၂၃ ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ဆောက်လုပ်ရေး
CONSTRUCTION

ခင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကုမ္ပဏီများမှတ်ပုံတင်အရာရှိ
ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. 38 of 1992 - 1993

I hereby certify that HI STAR COMPANY LIMITED is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Nay Pyi Taw this TWENTY-THIRD day of APRIL, ONE THOUSAND NINE HUNDRED AND NINETY TWO.

KHIN OO
DIRECTOR GENERAL
Directorate of Investment And Company Administration
Registrar of Joint Stock Companies
Companies Registration Office

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : HI STAR CO.,LTD. Presented by : U AIK HTUN(CHAIRMAN)

	The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1	U Aik Htun	Myanmar 12/LaMaTa (Naing)014300	14/B,River View Garden Housing, Sin Min Quarter Ahlone Township, Yangon	Merchant	Chairman
2.	Dr.Sai San Htun	Myanmar 13/LaYaNa (Naing)013384	No.291, Shwe Dagon Pagoda Road, Dagon Township, Yangon.	Merchant	Vice-Chairman
3.	U Myint Thien	Myanamr 12/LaThaNa (Naing)004152	No.28, 17th Street, Latha Township, Yangon.	Merchant	Vice-Chairman/Director
4.	U Ye Myint	Myanmar 12/TaMaNa (Naing)073997	No.2,Dagon Lwin Street, Tamwelay Quarter, Tamwe Township, Yangon.	Merchant	Managing Director
5.	U Yan Zi Shan (a) U Maung Win	Myanmar 9/MaNaMa (Ei)000018	262/264, Pyay Road, C-10-1, Dagon Center, Sanchaung Township, Yangon.	Merchant	Director

NOTE : (1) A complete list of the Directors or Managers or Managing Agents [illegible] existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the [illegible] and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Signature ....

Dated this ......7.5.08..............

Designation .... U AIK HTUN Chairman ....
HI STAR CO., LTD.

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

COMPANIES REGISTRATION OFFICE 07 03

Name of Company : HI STAR CO.,LTD.

Presented by : U AIK HTUN(CHAIRMAN)

	The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
6.	U Win Shein (a) U Shwin Pain	Myanmar 13/TaKaNa (Naing)126940	No.20, Myaing Hay Wun Housing, 8[th] Miles, Mayangone Township, Yangon.	Merchant	Director
7.	U Soe Hlaing	Myanmar 13/TaKaNa (Naing)000586	107, University Avenue Road, Kamayut Township, Yangon	Merchant	Director
8.	U Aung Zaw Naing	Myanmar 12/LaMaTa (Naing)025758	Room No.1003, Olympic Tower II, River View Garden Housing, Sin Min Quarter, AhloneTownship, Yangon.	Merchant	Appointed as Director w.e.f 7-5-08
9.	U Than Nyunt	Myanmar 12/LaMaTa (Naing)026050	No.37,8[th] Street, Lanamdaw Township, Yangon.	Merchant	Resigned from Director w.e.f 7-5-08
10.	U Myat Thu	Myanmar 12/LaMaTa (Naing)007241	No.760,Mahabandoola Street, Lanmadaw Township, Yangon.	Merchant	Resigned from Director w.e.f 7-5-08

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.
(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of ....
and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Signature ....

U AIK HTUN

Designation .... Chairman

HI STAR CO., LTD.

Dated this 7.5.08

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : HI STAR CO.,LTD.

Presented by : U AIK HTUN(CHAIRMAN)

	The present christian name or names and surname	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
11.	U Myint Thein	Myanmar 9/MaYaTa (Naing)038475	No.12,Mahabandoola Street, Lanmadaw Township, Yangon.	Merchant	Resigned from Director w.e.f 7-5-08
12.	Daw Yaw San Yee	Myanmar 13/Ka Kha Na (Naing)038475	16/4, Sabai Street, Mingalar Taung Nyunt Township, Yangon.	Merchant	Resigned from Director w.e.f 7-5-08

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) All the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of .... and writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Signature ....

Designation ....

U AIK HTUN
Chairman
HI STAR CO., LTD.

Dated this 7.5.08

လျှို့ဝှက်

၅၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

နှင့်

" ဟိုက်စတားကုမ္ပဏီလီမိတက် "

တို့အကြားချုပ်ဆိုသည့်

ရန်ကုန်–ပဲခူး–မိတ္ထီလာ–မန္တလေး ပြည်ထောင်စုလမ်းမကြီး

၏

ညောင်လေးပင်–ဇေယျာဝတီ အပိုင်းကို

ပြုပြင် ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေး နှင့် လွှဲပြောင်းပေးရေး

(BULID OPERATE AND TRANSFER)

ပဋိညာဉ်စာချုပ်

ကန်ထရိုက်နံပါတ် (၂၀၀၉–၁၀/ဘီအိုတီ/)

ရက်စွဲ၊ ၂၀၀၉ ခုနှစ် ( )လ၊( ) ရက်

လျှို့ဝှက်

ရန်ကုန်–ပဲခူး–မိတ္ထီလာ–မန္တလေး ပြည်ထောင်စုလမ်းမကြီး၏
ညောင်လေးပင်–ဇေယျဝတီအပိုင်းကို
ပြုပြင် ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး
(BUILD OPERATE AND TRANSFER)
ပဋိညာဉ်စာချုပ်

ဤစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၀၈ခုနှစ်၊ လ ( ) ရက်နေ့၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဦးခင်မောင်ဆယ် ကိုယ်စားပြုသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ အဆောက်အဦအမှတ် (၁၁)၊ နေပြည်တော် (ဤမှ နောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက၊ ယင်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ် သူများပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

အုပ်ချုပ်မှုဒါရိုက်တာ၊ ဦးရဲမြင့် ကိုယ်စားပြုသော ဟိုက်စတားကုမ္ပဏီလီမိတက်၊ အိုလံပစ်တာဝါ (၂)၊ မြစ်ကမ်းသာ အိမ်ရာစီမံကိန်း၊ ဒုတိယထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ (ဤမှနောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ဟု ရည်ညွှန်းခေါ်ဆိုရမည်ဖြစ်ရာ ယင်းစကားရပ်တွင် စာသားများ အရသော် လည်းကောင်း၊ အဓိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက ယင်း၏တရားဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

နိဒါန်း

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းနှင့်တံတားအသုံးပြုခနှင့် အခြားအကျိုးခံစားခွင့်များကို ထည့်သွင်း စဉ်းစား၍ စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ ဤပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်အကြေအလည်ညှိနှိုင်းပြီးနောက် အောက်ပါအတိုင်း သဘောတူကြပါသည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူပိုင်စက်ယန္တရားများ"** ဆိုသည်မှာ ဤစီမံကိန်းလုပ်ငန်းကို ပြီးစီး အောင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းပျက်စီးသည့်အစိတ်အပိုင်းများပြုပြင်ဆောင်ရွက် ရာတွင်လည်းကောင်း၊ အသုံးပြုမည့်စက်၊ ယာဉ်၊ ယန္တရားများ၊ စက်သုံးကိရိယာတန်ဆာပလာ ပစ္စည်းများကို ခေါ်ဆိုသည်။ အမြဲတမ်းလုပ်ငန်းများအတွက် ရည်ရွယ်၍ တည်ဆောက်ထား သော အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းသုံးပစ္စည်းများ ပါဝင်ခြင်းမရှိစေရပါ။

(ခ) **"ပစ္စည်း"** ဆိုသည်မှာ (စက်ရုံ၊ အလုပ်ရုံများမှအပ) ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များ အ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ ဝယ်ယူသည့် လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသော ပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများ အားလုံးကို ခေါ်ဆိုသည်။

ဆောင်ရွက်ရမည့်လုပ်ငန်းများ

၂။ ဤစီမံကိန်းလုပ်ငန်း လမ်းမကြီး ဖောက်လုပ်တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လမ်းနယ်နိမိတ်အတွင်းသစ်ပင်များခုတ်လှဲခြင်း၊ သစ်ငုတ်များဖယ်ရှားခြင်း၊ရှင်းလင်းခြင်းလုပ်ငန်း။
(ခ) လမ်းကြောင်းမြေတူးဖေါ်ခြင်းလုပ်ငန်း။
(ဂ) လမ်းကြောင်းမြေဖို့ရန် အခြားနေရာများမှ မြေတူးခြင်းလုပ်ငန်း။
(ဃ) လမ်းမြေသား တာဘောင်ဖို့ခြင်းလုပ်ငန်း။
(င) လက်ရှိလမ်းကိုချဲ့ခြင်း (Widening)။
(စ) ၃-အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။
(ဆ) အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။
(ဇ) လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course) တည်ဆောက်ခြင်းလုပ်ငန်း။
(ဈ) ကတ္တရာဖြင့် (Penetration Macadam) တည်ဆောက်ခြင်းလုပ်ငန်း။
(ည) ကတ္တရာရေပိတ်လွှာနှစ်ထပ်လောင်းခြင်းလုပ်ငန်း။
(ဋ) လမ်းပုခုံးများတည်ဆောက်ခြင်း၊ လမ်းဘေးဝဲ/ယာရေနုတ်မြောင်းတူးဖေါ်ခြင်းလုပ်ငန်း၊ နိမ့်သောမြေသားမျက်နှာပြင်များ ပြုပြင်ခြင်းလုပ်ငန်းများ။
(ဌ) လမ်းသားနှင့် ဝဲ/ယာရေနုတ်မြောင်း၊ ကြားဖြတ်ရေနုတ်မြောင်းများတည်ဆောက်ခြင်း။
(ဍ) လမ်းအကွာအဝေးပြမိုင်တိုင်များစိုက်ထူခြင်းလုပ်ငန်း၊ လမ်းအမှတ်အသားပြတိုင်များ စိုက်ထူခြင်းလုပ်ငန်း၊ အဆင့်မီ လမ်း-တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ၊ ကောက်ခံသည့်ရုံးများ၊ ထိန်းချုပ်ရေးနှင့် ဆက်သွယ်ရေးစခန်းများ၊ ယာဉ်ရပ်နားစခန်းများ၊ လမ်းကူးလမ်းစပ်များ၊ နားနိုင်ရန်နေရာများ၊ အပန်းဖြေစခန်းများနှင့် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူရန်အတွက် ပုံစံပြုရန်နှင့် တည်ဆောက်ရန်၊ မြို့ရှောင်လမ်းများဖောက်လုပ်ပေးရန်။
(ဎ) စီမံကိန်းလုပ်ငန်း လမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ခြင်း။
(ဏ) လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်များနှင့် အခြားအထောက်အကူပြုအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း။

စံချိန်စံညွှန်းများ

၃။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ သတ်မှတ်ထားသည့် **နောက်ဆက်တွဲ (က)** ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ငန်းများကို အကောင်အထည်ဖေါ်ဆောင်ရွက်ပေးရမည်၊ အချို့လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန် မဖြစ်နိုင်ပါက လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည် -

(က) **လမ်းမြေသားတာဘောင်ဖို့ခြင်း။** လမ်းမြေသားတာဘောင်ဖို့ခြင်းဆောင်ရွက်ရာတွင် မြေသားအတွင်း သစ်ပင်သစ်ဆွေးများ၊ ကျန်းမာရေးထိခိုက်စေနိုင်သည့် ပစ္စည်းများ မပါဝင်စေရန် သတိပြုဆောင်ရွက်ရမည်၊ သတ်မှတ်ထားသည့် အမြင့်နှင့် လမ်းသားပုံရရှိစေရန် ဆောင်ရွက်ပေးရမည်၊ မြေသားသိပ်သည်းမှုသည် သတ်မှတ်ချက်၏ (၉၀) ရာခိုင်နှုန်းထက် မနည်းစေရ။

(ခ) **အောက်ခံမြေ။** အောက်ခံမြေသားမှာလမ်းသားအလွှာအောက်ရှိ တူးထုတ်ထားသော(သို့မဟုတ်) ဖို့ထားသောမြေသားအလွှာဖြစ်ပါသည်၊ အောက်ခံမြေသားကို သတ်မှတ်ရွေးချယ်ထားသော မြေသားဖြင့် သတ်မှတ်သိပ်သည်းမှုရရှိအောင် ကြိတ်ထားသည့်အနည်းဆုံး (၁၂) လက်မအထူရှိသည့် မြေသားအလွှာဖြစ်ပါသည်၊ သိပ်သည်းမှုမှာ သတ်မှတ်သိပ်သည်းမှု၏ (၉၅) ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းအထက်ရှိရမည်၊ စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၅) ရာခိုင်နှုန်းထက် မနည်းရှိစေရမည်။

(ဂ) **လမ်းဟောင်းကိုချဲ့ခြင်း (Widening)။** လမ်းဟောင်းကိုချဲ့ရာတွင် လမ်းသုတေသနဓါတ်ခွဲခန်းမှ အတည်ပြုပေးထားသည့်လမ်းသားအထူနှင့် သတ်မှတ်ပေးသည့် တည်ဆောက်ပုံနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊ ထပ်မံတိုးချဲ့သည့်အပိုင်းကို ကျစ်လျစ်သိပ်သည်းမှုရရှိအောင် စက်ယန္တရားများဖြင့် ခင်းကြိတ်ရမည်။

(ဃ) **ဒု-အခြေခံလွှာ။** ဒု-အခြေခံလွှာမှာ ဂဝံကျောက်(သို့မဟုတ်)ကျောက်ရောမြေအား(၁၂)လက်မထုသိပ်သည်းအောင်ကြိတ်ထားသောအလွှာကိုခေါ်ဆိုပါသည်၊ သတ်မှတ်သိပ်သည်းမှုမှာ(၉၅)ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၃၀)ရာခိုင်နှုန်း(သို့မဟုတ်) ၎င်းအထက်ရှိစေရမည်။

(င) **အခြေခံလွှာ။** ဒု-အခြေခံလွှာနှင့်အပေါ်မျက်နှာပြင်အကြားရှိ ကျောက်ရောမြေသား(သို့မဟုတ်) ခွဲကျောက်တို့ကို (၁၀)လက်မထုသိပ်သည်းလွှာရရှိအောင် ဆောင်ရွက်ရမည့်အလွှာဖြစ်ပါသည်၊ စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၈၀)ရာခိုင်နှုန်းအထက် ရှိစေရမည်။

(စ) **လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course)။** လက်ရှိ လမ်းမျက်နှာပြင်အနေအထားအပေါ်မူတည်၍ (Penetration Macadam) မခင်းမီ လမ်းမျက်နှာပြင်ညှိလွှာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမည်။

(ဆ) **ကနဦးလွှာကတ္တရာလောင်းခြင်း။** ကတ္တရာရေပိတ်လွှာမလောင်းမီ လမ်းမျက်နှာပြင်အားဖုန်များ၊ ရွှံ့များ၊အမှိုက်သရိုက်များ သန့်ရှင်းအောင်ဆောင်ရွက်ရမည်၊ ရေပိတ်လွှာကတ္တရာအား "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရမည်။

(ဇ) ကတ္တရာဖြင့် (Penetration Macadam)**တည်ဆောက်၍ ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းခြင်းလုပ်ငန်း။** ကတ္တရာဖြင့် (Penetration Macadam) သိပ်သည်းပြီး (၄)လက်မအထူကို လမ်းသုတေသနဓါတ်ခွဲခန်းမှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးနောက် ကတ္တရာရေပိတ်လွှာနှစ်ထပ်ကိုစံချိန်စံညွှန်းနှင့်အညီဆက်လက် တည်ဆောက်ရမည်။ **[နောက်ဆက်တွဲ(က)ပါအတိုင်း]**

(ဈ) ဤလမ်းစီမံကိန်းလုပ်ငန်း၏ လမ်းနယ်နိမိတ်အား ဖြတ်သန်းသည့်နေရာများတွင် ပေ (၂၀၀) အကျယ်သတ်မှတ်သည်။

(ည) ယာဉ်သွားလမ်း (၂)လမ်းအတွက် လမ်းသားအကျယ်မှာ (၂၄) ပေဖြစ်ရမည်၊ ပျမ်းမျှ တစ်နေ့ယာဉ်အစီးရေ AADT (Annual Average Daily Traffic) (၂၀၀၀)ကျော်သွားသည့်အခါတွင် ကတ္တရာကွန်ကရစ် (Asphalt Concrete)တည်ဆောက်ပေးရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"မှ လုပ်ငန်းလိုအပ်ချက်အရ တရားဝင်ညွှန်ကြားလာသည့်အခါ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က ယာဉ်သွားလမ်း (၂၄) ပေအကျယ် ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။ ပျမ်းမျှ တစ်နေ့ ယာဉ်အစီးရေ (၂၀၀၀) ထက်ပိုမိုကျော်လွန်ပြီး (၂)လမ်းသွားနှင့်မလုံလောက်ပါက (၄)လမ်းသွား ကတ္တရာကွန်ကရစ်လမ်းတည်ဆောက်ပေးရမည်။

(ဋ) လမ်းသားတည်ဆောက်ရာတွင် ယာဉ်နှင့်ကုန်အလေးချိန်စုစုပေါင်း အနည်းဆုံး(၆၀)တန်ခံနိုင်ရန် တည်ဆောက်ပေးရမည်။

(ဌ) တံတားများတည်ဆောက်ရာတွင် (**AASHTO HS 20-44 လမ်းမကြီးများသတ်မှတ်စံချိန်စံညွှန်းအရ**) ယာဉ် နှင့် ကုန် စုစုပေါင်းအလေးချိန် (၆၀) တန် ခံနိုင်ရန်တည်ဆောက်ပေးရမည်၊ တံတားအပေါ်ပိုင်းကိုယ်ထည်မှာ သံမဏိသံဘောင်တံတား (သို့မဟုတ်)သံအားဖြည့်ဘိလပ်မြေကွန်ကရစ်တံတားကိုယ်ထည်များ ဖြစ်စေရပါမည်။

"**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏တာဝန်များ

၄။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်း-တံတားများအား B.O.T.စနစ်ဖြင့် လုပ်ကိုင်မှုကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" က ကြီးကြပ်ကွပ်ကဲမှုပေးရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောခွင့်ပြုမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၏ အတည်ပြုချက်၊ သဘောတူညီချက်နှင့် ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ပေးရမည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် အဆိုပြုထားသော လမ်းဖြောင့်တန်းမှု အတိုင်းရရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဖောက်လုပ်ပြီးစီးပါက လုပ်ငန်းစီမံကိန်း၏ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် (Final Completion Certificate) ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အား ထုတ်ပေးရမည်၊ လမ်းအသုံးပြုခ ကောက်ခံခြင်းကိုလည်း ခွင့်ပြုရမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များ

၅။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤစာချုပ်ပါလမ်းအပိုင်းအတွက် လမ်း-တံတားအသုံးပြုခ ကောက်ခံရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းအတိုင်းအတာပမာဏကို ဆောင်ရွက်ရန်နှင့် ပုံစံပြုခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းပြီးပီးအောင်ဆောင်ရွက်ခြင်းနှင့် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ ပျက်ကွက်မှုတစ်စုံတစ်ရာအတွက် ပြင်ဆင်မှုပြုခြင်းတို့ကို သဘောတူပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည်အပိုဒ် ၂ နှင့် ၃ ပါလုပ်ငန်းများကိုပြီးဆုံးအောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး သီးခြားကုမ္ပဏီတစ်ခုကို ဖွဲ့စည်း၍ အဆိုပြုသည့်လမ်းအပိုင်းပြုပြင်ဖောက်လုပ်စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကိုပြုလုပ်လိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ရယူ၍ ပြုလုပ်နိုင်သည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ကြီးကြပ်သူ၊ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပုံစံပြုပြင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

(စ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့်လုပ်ငန်းများအားလုံးရှိလုပ်ငန်းခွင်နေရာများအား လုံလောက်မှု၊ တည်ငြိမ်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်တွင်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏ လုပ်အားခ၊ နေအိမ်၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

(ဇ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ဈ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပုံစံပြုဆောင်ရွက်စဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်စဉ်အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် (Final Completion Certificate) ရရှိသည်အထိ ပြုလုပ်ပေးရမည်၊ (Final Completion Certificate) ရရှိပြီး "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပြည်ပမှအလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပစ္စည်း၊ ထုတ်ကုန် (သို့မဟုတ်) ကိရိယာတန်ဆာပလာများ ဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး (သို့မဟုတ်) အများကိုလွှတ်လပ်စွာ ပြောင်းလဲနိုင်သည်၊ တစ်ဆင့်ခံ လုပ်ငန်း လုပ်ကိုင်ခွင့် ရသူ အားလုံးသည် "**လုပ်ငန်းလုပ်ကိုင်ခွင့် ရသူ**" ၏ အမည်ကို သာ ရယူရမည့်အပြင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ သဘောတူညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် လမ်းနှင့်တံတားများ၏ ပုံစံအတွက် အဆိုပြုချက် တင်သွင်းရမည်၊ သို့ရာတွင် ယင်းတို့သည် **အသေးစိတ်ဖော်ပြချက်ပါ လိုအပ်ချက်များထက်အဆင့် မနိမ့်စေရ** အဆိုပြုချက်အသစ်တင်ပြရန် လိုအပ်လာပါက အဆိုပြုချက်အသစ်အရ ဆောင်ရွက်ရာတွင် ဆောက်လုပ်မည့်အချိန်ဇယားသည်နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖော်ပြထားသည့်လမ်း၏ လမ်းအူကြောင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာအတွင်းနှင့်အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု၊ ရေနှင့်မြေအား ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင်မဆောင်ရွက်နိုင်လျှင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ စာဖြင့်ရေးသား၍ တောင်းဆိုမှုပြုနိုင်သည်၊ ယင်းတောင်းဆိုချက်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက်များပါဝင်ရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" သည် ယင်းတင်ပြချက်အထောက်အထားများ အပေါ်အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားလာသည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် "**လုပ်ငန်းလုပ်ကိုင်ခွင့် ရသူ**" သည် သစ်တောဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ စာဖြင့်ရေးသားထားသောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်းမပြုရ။

(ဒ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံမှ လုပ်ငန်းစတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည်လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်းစီမံကိန်း နယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာထိန်းသိမ်းထားရှိရမည်၊ ထို့အပြင် လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သော အနေအထားရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွား၍ စံချိန်စံညွှန်းအတိုင်း ပြန်လည်တည်ဆောက်ရန် လိုအပ်သည့် လမ်း-တံတား (လေလံတံတားများ မပါဝင်ပါ) လုပ်ငန်းများကိုလည်းကောင်း ဓလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူဓက မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း-တံတား အသုံးပြုခ ကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့် နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) စာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခ ကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့် ပထမ(၃)နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်၊ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရန်ဖြစ်သည်-

(၁)	ပထမ (၃)နှစ်တွက်	- ကင်းလွတ်ခွင့်ကာလ
(၂)	၄ နှစ်မြောက်မှ ၁၃ နှစ်မြောက်အထိ (၁၀)နှစ်	- ၅% ပေးသွင်းရန်
(၃)	၁၄ နှစ်မြောက်မှ ၂၃ နှစ်မြောက်အထိ (၁၀)နှစ်	- ၁၀% ပေးသွင်းရန်
(၄)	၂၄ နှစ်မြောက်မှ ၃၃ နှစ်မြောက်အထိ (၁၀)နှစ်	- ၁၅% ပေးသွင်းရန်
(၅)	၃၄ နှစ်မြောက်မှ ၄၀ နှစ်မြောက်အထိ (၇)နှစ်	- ၂၀% ပေးသွင်းရန်
(၆)	၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။	

(ဖ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည် လမ်းအသုံးပြုခ ကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယားများကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ ဇန်နဝါရီလ(၁)ရက်မှ ထိုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ စနစ်တကျ တိကျမှန်ကန်စွာ ပြုစုထားရမည်၊ တစ်နှစ်တာ လမ်းအသုံးပြုခ ကောက်ခံရငွေများစာရင်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန်တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏ နှစ်ဆန်း ဇန်နဝါရီလ(၁)ရက်နေ့ မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်းအလိုက် ပေးသွင်းရမည့် ရာခိုင်နှုန်းအရ ကျသင့်ငွေ ပမာဏကို ဖော်ပြအသိပေး အကြောင်းကြားရမည်။

(ဘ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည် **ဓလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူဓ**၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများ စာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း(၉၀)အတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေလွှဲလွှာ (သို့မဟုတ်) မျဉ်းသား ချက်လက်မှတ်ဖြင့် ပေးသွင်းရပါမည်၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် ငွေပမာဏကို ရက်ပေါင်း(၉၀)အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထား ငွေသွင်းချလံကို (၇)ရက်အတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**ထံ တင်ပြရပါမည်၊ အဆိုပါပေးသွင်းရမည့် သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ်ကြေးအဖြစ် (၁)ရက်လျှင် ပေးသွင်းရမည့်ငွေ (၁၀၀)ကျပ်လျှင် (၁)ကျပ်နှုန်း အပိုဆောင်းပေးသွင်းရမည်၊ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးတို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်၊ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေး သွင်းခြင်းကို အစစ်ဆေးခံသည့်နှစ်၏ နောက်ပြက္ခဒိန်နှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ထက် မကျော်လွန်စေရပါ။

(မ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ကောက်ခံရာတွင် အကျိုးညှိနှိုင်းထားသော ကောက်ခံနှုန်းများအတိုင်း အမြတ်မရရှိမှု ၊ အရှုံးပေါ်မှုများ ရှိလာပါက ကောက်ခံသည့် လမ်းအသုံးပြုခနှုန်းထားများကို ညှိနှိုင်းပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည် ။ သို့ရာတွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ စာရင်းစစ်အဖွဲ့မှ စိစစ်ထားသည့် (၁)နှစ်ချင်း ဝင်ငွေထွက်ငွေ ၊ အရှုံးအမြတ်စာရင်း ၊ နယားအတိအကျကို အထောက်အထားနှင့် ပူးတွဲတင်ပြရမည် ။

(ယ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ နှစ်(၄၀)ပြည့်ပြီးနောက် အကျိုးအမြတ်မရရှိခဲ့လျှင်သော်လည်းကောင်း ၊ ဆက်လက်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း ၊ ကောက်ခံမှုသက်တမ်းကာလကို တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ်သက်တမ်းတိုးမြှင့်၍ ကောက်ခံခွင့်ရရှိရေးအတွက် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်ပြနိုင်သည် ။

(ရ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့်မပြုရ ။

(လ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် တရားဝင်ကိုယ်စားလှယ်ခန့်ရန် ရည်ရွယ်သူ (များ)၏ အမည် ၊ ကိုယ်ရေးအချက်အလက်များကို လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ထုတ်ပေးသည့်နေ့မှ (၁၄)ရက်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူထံ တင်ပြရမည် ။

(ဝ) ယင်းကိုယ်စားလှယ်သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အထောက်အထားများ ပြင်ဆင်ထားရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို အချိန်ပြည့်ဆောင်ရွက်ပေးရမည် ။

(သ) ယင်းကိုယ်စားလှယ်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည့်အခါ သင့်တော်သူတစ်ဦးကို အစားထိုးခန့်ထားပြီးနောက် အစားထိုးခန့်ထားကြောင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"ထံ အကြောင်းကြားရမည် ။

လုပ်ငန်းအာမခံ (Performance Bank Guarantee)

၆။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် စာချုပ်ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံသို့ပေးအပ်ရမည် ၊ အဆိုပါ ဘဏ်အာမခံ၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းစတင်ရန် အကြောင်းကြားစာ လုပ်ငန်းပြီးဆုံးအောင် ဆောင်ရွက်သည့်အထိဖြစ်သည် ၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ရရှိပြီး (၃၀)ရက်အတွင်း လုပ်ငန်းစတင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ၊ သက်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန်အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က သိမ်းယူရမည် ၊ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း (၃၀)ရက်အတွင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ထံ ပြန်လည်ထုတ်ပေးရမည် ။

(ဃ) **"နေ့ရက်"** ဆိုသည်မှာ ပြက္ခဒိန်နေ့ရက် ဖြစ်ပြီး **"နှစ်"** ဆိုသည်မှာ ပြက္ခဒိန်နှစ်ဖြစ်သည် ။

လုပ်ငန်းတန်ဖိုး

၁၀။ စာချုပ်တွင် ချုပ်ဆိုသည့် လမ်းအပိုင်းအတွက် လမ်း နှင့် တံတား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ (၁၁၄၀၂.၆၉၇)သန်း (ကျပ် တစ်သောင်း တစ်ထောင် လေးရာ နှစ်သန်းတိတိ) ဖြစ်ပါသည် ။

လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှု

၁၁။ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုကို အောက်ပါအတိုင်း တင်ပြရပါမည်-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည် လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းစတင်သည့်နေ့မှ (၂)လ အတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**ထံ တင်သွင်းရမည် ။

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် လစဉ်တိုးတက်မှုအစီရင်ခံစာ (နှစ်ဖက်သဘောတူ၍ လက်မှတ်ထိုးထားသည့် ပုံစံဖြင့်) ကို မိတ္တူ (၆)စုံပြုစုပြီး **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**ထံ တင်သွင်းရမည် ။

စစ်ဆေးခြင်း

၁၂။ လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သောအလုပ်သမား၊ ပစ္စည်းများ၊ လျှပ်စစ်၊ လောင်စာ၊ သိုလှောင်ခန်းများ၊ စက်ပစ္စည်းကိရိယာများ၊ တန်ဆာပလာများနှင့် လုပ်ငန်းဆောင်ရွက်မှု အစရှိသည်တို့ကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**က လိုအပ်သလို ထိရောက်စွာစစ်ဆေးရန်နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အထောက်အပံ့ပြုရန်အတွက် စာရွက်စာတမ်းအထောက်အထားများ၊ သတင်းအချက်အလက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်၊ လမ်းဖောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းပြီးဆုံး၍ လုပ်ငန်းစတင် ဆောင်ရွက်သည့် အချိန်မှစ၍ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**သည် ကောက်ခံရရှိသော လမ်း - တံတားအသုံးပြုခငွေများနှင့် စပ်လျဉ်းသည့် စာရင်းအင်းများအပြည့်အစုံ စနစ်တကျထားရှိရမည်၊ အဆိုပါစာရင်းအင်းများကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**က အခါအားလျော်စွာ စစ်ဆေးခွင့်ရှိရမည် ။

ကန့်ကွက်ခြင်း

၁၃။ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ လမ်း-တံတား တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း (သို့မဟုတ်) သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ချို့ယွင်းမှု (သို့မဟုတ်) ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှုတွေ့ရှိရပါက **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**က ကန့်ကွက်နိုင်သည့်အပြင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**ထံ ချက်ချင်းအကြောင်းကြားရမည်၊ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ချို့ယွင်းချက်ကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**၏ စရိတ်ဖြင့် ကောင်းစွာပြန်လည်ဆောင်ရွက်ပေးရန်နှင့် ကန့်ကွက်ခံရသည့် ပစ္စည်းများကို ပဋိညာဉ်စာချုပ်နှင့်အညီ ဖြစ်စေရန် တာဝန်ယူရမည် ။

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄။ မလွန်ဆန်နိုင်သော ဖြစ်ရပ် များကြောင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) **"မလွန်ဆန်နိုင်သောဖြစ်ရပ်"** ဆိုသည်မှာ သဘာဝ ဘေးအန္တရာယ်များ၊ အစိုးရတားမြစ်ချက်များ၊ သပိတ်မှောက်ခြင်းများ၊ သောင်းကျန်းမှုများ၊အဓိကရုဏ်းများ၊ ရောဂါဘယကျရောက်ခြင်းများ၊ ပြည်သူတို့၏နှောင့်ယှက်ရန်ပြုမှုများ၊ ပေါက်ကွဲမှုများ၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်း နှင့် တစ်ဦးဦးက ထိန်းချုပ်နိုင်စွမ်းမရှိသော ထိုက်သင့်သော ဂရုပြုမှု၊ ဝီရိယစိုက်ထုတ်မှုပြုလျက်နှင့် တစ်ဦးဦးက ကျော်လွှားနိုင်ခြင်းမရှိသော ပေါ်ပြခဲ့သည့် အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည် ။